
gmgyee.com



# ဖွင့်ထားသောစာအုပ်

## အက်ဆေး၊ ဆောင်းပါး၊ ရုပ်ပုံလွှာများ

ဇော်ခိုင်ဦး

စတုတ္ထအကြိမ်

mgyoe.com



အရှယ်အတန်အသင့်ရလာ၊ အရသာခံစားမှုတို့
ရင့်ကျက်လာရသောအခါ လူရှင်တော်ရဲ့
မျက်နှာမဲ့ရှုံ့ပြုံရုံနှင့် မရယ်တတ်ချင်တော့။
လူရှင်တော် မထေ့တငေ့ပြောလိုက်သော စကားမျိုးမှ
တစိမ့်စိမ့်တွေး တစိမ့်စိမ့်အရသာခံ၊
ပြီးမှ တစိမ့်စိမ့်ရယ်ချင်လာရသည်။

nw0078
2000.00 Ks

mgyoe.com

ပွင့်ထားသောစာအုပ်၊ ဇော်နိုင်ဦး
စာမျက်နှာ ၂၁၅ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၆ ORIENT Publishing House ၏တတိယအကြိမ်မှ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဖွင့်ထားသောစာအုပ်

ဇော်ခိုင်ဦး

[illegible]

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ

## ဖွင့်ထားသော စာအုပ်

[အက်ဆေး၊ဆောင်းပါး၊ရုပ်ပုံလွှာများ]

အက်ဆေး


| | | |
|---|---|---|
| ၁။ | နွေဦးပေါက် တောင်သမန် | ၃ |
| ၂။ | မြသန်းတင့်အက်ဆေး | ၉ |
| ၃။ | ပန်းနုရောင် စုတ်ချက်သုံးချက် | ၁၇ |
| ၄။ | ရွေ့လျားသစ်လွင် | ၂၉ |
| ၅။ | ဧပရယ်(လ်)ဘွန်း | ၃၃ |
| ၆။ | စက်ကတုံးပင်ကြီးများအောက်မှ | ၃၉ |
| ၇။ | ပင်ဝါးရုံ | ၄၅ |
| ၈။ | ဟယ်လို…ရန်ကုန် | ၅၃ |
| ၉။ | အတွေးဖိတ်စာ | ၅၉ |
| ၁၀။ | လမ်း | |


ဆောင်းပါး


| | | |
|---|---|---|
| ၁။ | စောဦး၏စာ | ၇၇ |
| ၂။ | မောင်ထင်၏ ပုံတိုပတ်စများ | ၈၇ |


mgyoe.com

mgyoe.com

၃။ တက်ခေတ် တက်လူ တက်ဘုန်းကြီး သိန်းဖေ ၉၃
၄။ တစ္ဆေလော... ရင်ထဲက သူရဲကောင်းလော ၁၀၁
၅။ ထင်လင်းရဲ့ ဗိုလ်တဲကုန်းမယ် ၁၀၇
၆။ ကိုယ်ပိုင်စာလွှင်ပြင် ၁၁၅
၇။ စာအုပ်နံ့

ရုပ်ပုံလွှာ

၁။ စာရေးဆရာ ၁၂၅
၂။ မိမိနှင့် ဆရာနတ်နွယ် ၁၃၃
၃။ လူထုဦးလှ (သို့) တစိမ့်စိမ့်အပြုံးရှင် ၁၄၃
၄။ မြင်တွေ့ခွင့်ရခဲ့သော မြို့မငြိမ်း ၁၅၇
၅။ ခရီးပေါက်ခဲ့သူ ၁၆၅
၆။ ဖွင့်ထားသောစာအုပ် ၁၇၅
၇။ အမေ...၊ ဂျာနယ်ကျော်မမလေးနှင့် ကျွန်တော် ၁၈၅
၈။ လန်းလန်းဆန်းဆန်း ဒဂုန်တာရာ ၁၉၃
၈။ ဗမာပြည်မှာလုပ်သည့် ဆရာ ၂၀၃
၉။ မြစ်ရေမှာ ကျောက်ဆူးမချနိုင်ခဲ့သူ ၂၀၉

■

mgyoe.com

mgyoe.com

# အက်ဆေး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နွေဦးပေါက် တောင်သမန်

## (၁)

မိမိသည် တောင်သမန် နံနက်ခင်းကို အကြိမ်ကြိမ် ဖြတ်သန်းခဲ့ဖူးသည်။ နှင်းများ ပိတ်ဖုံးနေသော နံနက်ခင်း...။ နှင်းမိုး နှစ်ထွေရောကျနေသော နံနက်ခင်း...။ အရှေ့တစ်ခွင်မှ နေအလင်းရောင် ဖြာကျလာစ နံနက်ခင်း...။ အခုလည်း ဟိုတုန်းကလို အတိုင်းပါပဲ၊ သွားရိုးသွားစဉ် စစ်ကိုင်း–မန္တလေးလမ်းမကြီးမှ တောင်သမန်သွားရာ လမ်းသေးလေးထဲသို့ ဖဲ့ဆင်းလိုက်ရသည်။ မဟာဂန္ဓာရုံဘက် ကွေ့ချိုးလိုက်တော့ ရင်ထဲမှာ လှုပ်ခနဲ။ မတွေ့ရတာ ကြာပြီ ဖြစ်သောသူတစ်ယောက်ကို တွေ့ရတော့မှာလိုလို။ လမ်းနှစ်ခွ Junction တွင် ခရေပင်များရှိရာ လမ်းခွလေးဘက်သို့ နွဲ့လိုက်ရသည်။ အသားဝင်းထရံ ရှေ့မြေကွက်လပ် (လမ်းလေးခြားသည်) တွင် ကားနှစ်စီးကို ရှေ့ဆင့်နောက်ဆင့် ထိုးရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်ကြသည်။ ကိုဝင်းငြိမ်းက ပတ်ဝန်းကျင်ကို ဖျတ်ခနဲ ဝေ့ကြည့်လိုက်ပြီး 'တောင်လေးလုံးကျောင်း' ထဲသို့ တရွေ့ရွေ့...။ မိမိတို့က စကားတပြောပြောဖြင့် မလှမ်းမကမ်းမှ ကပ်လိုက်သွားကြသည်။ နှစ်စဉ်

mgyoe.com

mgyoe.com


နို့ဝင်ဘာ (၂၉) ရက်ဆိုလျှင် စာချစ်သူများ ဆုံစည်းခဲ့ကြသည့် နေရာလေး။ သူဌေးဘုရားရင်ပြင်၊ စက္ကူပန်းရုံ၊ သစ်သားကွပ်ပျစ်၊ ဖျာတစ်ချပ်၊ ရေနွေးတစ်အိုး။ အမေလူထုဒေါ်အမာ၊ ဒေါက်တာသန်းထွန်း၊ ဆရာဒဂုန်တာရာ၊ တော်ဘုရားကလေး အောင်ဇေ၊ လူထုစိန်ဝင်း၊ ဆရာတော် ကိုပညာ (အမရပူရ)။ အာရုံတွေထဲမှာ ဖျတ်ခနဲ...ဖျတ်ခနဲ...။ အဝေးမှ အသံတွေကြားလာရသည်။ စုစုရုံးရုံး စုစုစည်းစည်းရှိကြသော အသံများ...။ ကင်မရာမှ ဖလက်ရှ်များကလည်း လက်ခနဲ...လက်ခနဲ။ တိုးဝှေ့ပြီး 'စာ'အရ သိနေရပေမယ့် 'လူ'ချင်း မဆုံဖူးကြသူများရဲ့ နွေးထွေးသောလက်များ...။ ခရေပွင့်လေးတွေကတော့ တစ်ဖြုတ်ဖြုတ် ကြွေကျနေခဲ့သည်။

## (၂)

*'လူ့ဘဝဟာ ခရီးရှည်ကြီးတစ်ခုလို့ဆိုရင်*
*ခု ကျွန်တော်တို့ရဲ့ ခရီးဟာလည်း*
*ဘဝတိုတိုကလေးတစ်ခု မဟုတ်လား...*
*လူ့ဘဝဆိုတာ*
*အဲဒီဘဝခရီးတိုတိုလေးတွေ ဖွဲ့စည်းထားတာပါ'*

(မြသန်းတင့်)

စက္ကူပန်းရုံအောက်မှအဖြတ်တွင် ကျောင်းဝင်းထဲ၌ လူရိပ်လူခြေမမြင်ရ၍ အသံပြုလိုက်မိသည်။ ဘုရားရင်ပြင်ဘက်မှ ဆရာတော် လှမ်းထွက်လာသည်။ တရွေ့ရွေ့ပါပဲ။ ဆရာတော့်ခြေလှမ်းတွေ နှေးသွားခဲ့ပြီ။ ဘယ်သူတွေများလဲဟူသော သိလိုစိတ်ဖြင့် လှေကားထစ်ဖြူလေးတွေမှ တစ်ဆင့် ဆင်းလာခဲ့သည်။ မိမိက လှမ်းဖေးမ,လိုက်တော့ "ရပါတယ်ကွ မတွဲပါနဲ့...ရပါတယ်ကွ"ဆိုပြီး ရှေ့တိုး ဆင်းလာသည်။ ကိုဝင်းငြိမ်းက အသံပြုလိုက်မှ "ဩော်... အေး...ဝင်းငြိမ်း" ဆိုပြီး ဆရာတော့်မျက်နှာတွင် ဝမ်းသာရိပ်တို့ စွန်းထင်းသွားသည်။ မိမိတို့က မျက်နှာချင်းဆိုင်

mgyoe.com

mgyoe.com


သစ်သားကွပ်ပျစ်ပေါ် ထိုင်ရနိုးနိုး။ ဆရာတော်က ထိုင်ကြ...ထိုင်ကြဆိုမှ အသင့်ရောက်နေသော ဖျာလိပ်လေးဖြေပြီး ထိုင်မိလိုက်သည်။ ဒီသစ်သား ကွပ်ပျစ်လေးပါပဲ။ စတီးတုတ်ကောက်လေးကို သူ့နံဘေးမှာ ခပ်ရို့ရို့ ထောင်ပြီး ဟက်ဟက်ပက်ပက် ရယ်ချင်ရယ်နေတတ်သော ဒေါက်တာ သန်းထွန်း အမြဲထိုင်နေကျနေရာလေး။ ကိုခင်မောင်အေးကတော့ ကျောင်း ဝင်းထဲ လျှောက်ကြည့်နေသည်။ ချောအိမာန် (မန္တလေး) နှင့် ညလင်းဖြူ တို့ကတော့ ကွပ်ပျစ်လေးပေါ်မှာ ခဏ။ ကိုလင်းနိုင်ဦးကတော့ မှတ်တမ်း ဓာတ်ပုံ တဖျတ်ဖျတ်...။ ဝင်းဝင်းမြင့်(နန်းတော်ရှေ့) က တည်ငြိမ်သော မျက်နှာထားနှင့် သစ်သားတန်းလျားလေးပေါ် ထိုင်လိုက်သည်။ ရာသီပေါင်း များစွာ ထမ်းပိုးထားခဲ့ရသော စက္ကူပြန်းရုံကြီးအောက်မှ ပင့်ထားရသည့် အသားချောင်းများပင် ကျိုးခဲ့လေပြီ။ ကိုဝင်းငြိမ်းက လေသံခပ်ဖွဖွဖြင့် ဆရာတော်နှင့် စကားစမြည်ပြောသည်။

"မန္တလေး လာသာလာရပေမယ့် တွေ့ရမယ့်သူတွေ မရှိကြ တော့ဘူးဘုရား...လူထုဒေါ်အမာ, ဒေါ်မေရှင်တို့လည်း မရှိ ကြတော့..."

ဆရာတော်က ကိုဝင်းငြိမ်းစကားအဆုံးပင် မစောင့်ပဲ ကပျာ ကယာ ဝင်ပြောသည်။

"ငါတော့ ကျန်ပါရစေဦးကွာ..."

မိမိတို့တစ်ဖွဲ့လုံး ဆရာတော့်စကားကြောင့် သဘောကျပြီး ရယ်လိုက်ကြရသေးသည်။ မိမိက ဆရာတော်ရေးခဲ့သော 'စစ်အတွင်း ဂန္ဓာရုံ'အကြောင်း စကားစလိုက်တော့ ဆရာတော်က တွေသွားပြီး –

"အေး...ဆက်ရေးမလို့...ဆက်ရေးမလို့နဲ့..."

ကိုဝင်းငြိမ်းဘက် ဖျတ်ခနဲ လှည့်သွားပြန်သည်။ တစ်ချိန်က မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသကပင် ဆရာတော် ကိုပညာ (အမရပူရ) အား –

mgyoe.com

mgyoe.com

*"ဟော့...ပညာဓောတ...*
*မင့်ကျောင်းကို စာရေးဆရာတွေ လာကြတယ်...*
*မင်းက စာရေးဆရာဆိုတော့ လာကြပေမှာပေါ့"*

ဟု မိန့်ခဲ့ဖူးကြောင်း ပြန်သတိရလိုက်မိသေးသည်။ ကျောင်းရှေ့ ကတ္တရာလမ်းလေးပေါ်မှ ဆိုင်ကယ်တချို့ ဖြတ်သွားသံ ကြားလိုက်ရသည်။ လူထုဒေါ်အမာရဲ့

*"ကိုပညာက မဟာဂန္ဓာရုံတိုက်ထွက်...*
*အဲဒီကနေပြီး မဟာဂန္ဓာရုံနဲ့ မလှမ်းမကမ်းမှာ*
*ခေါ်ကြား အော်ကြားတဲ့ အင်းစောင်းက တောင်လေးလုံး*
*ကျောင်းကလေးမှာပဲ သီတင်းသုံးတယ်...*
*ပြီးတော့ စာရေးဖို့ ဝါသနာပါတယ်...*
*စုဆောင်းသင့်တာ စုဆောင်းတယ်...*
*မှတ်သားသင့်တာကို မှတ်သားတယ်...*
*ကျွန်မတို့မှာက စစ်ကိုင်းတောင်ရိုးမှာ သီတင်းသုံးတဲ့*
*ဆရာတော် ရွှေကိုင်းသား ပျံလွန်တော်မူပြီးတဲ့နောက်*
*ဆရာတော့်လို အားကိုးသမှုပြုစရာ 'ကိုပညာ' ရှိပေလို့ပေါ့...*
*မဟုတ်ရင် အစားထိုးစရာ မရှိဘူး"*

ဆိုသည့် အားကိုသမှုပြုသံလေးက ဝေ့ဝေ့ဝဲဝဲ ရောက်လာသည်။

(၃)

ကိုဝင်းငြိမ်းနှင့် ဆရာတော်တို့ အေးအေးလူလူ စကားကောင်းနေခိုက် မိမိတို့တစ်တွေ တောင်လေးလုံးကျောင်း အနောက်ဘက်ဆီ ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။ ဘုန်းကြီးကျောင်းတချို့ ဖြတ်ခဲ့ရပြီး သက်ရင့်မန်ကျည်းပင်ကြီးအလွန်တွင် အရိုးအိုးစေတီကို လှမ်းတွေ့လိုက်ရသည်။ ထိုစေတီလေးဘေးမှာမှ ဒေါက်တာသန်းထွန်း လဲလျောင်းရာ

mgyoe.com

mgyoe.com


အရပ်သို့ ရောက်ကြရသည်။ ကြယ်တစ်ပွင့်၊ သုတေသနနယ်ပယ်မှ အင်မတန်အားကိုးရသော ကြယ်တစ်ပွင့်...။

ဆရာ့ကို တောင်သမန်အင်းစောင်းမှာ ထားခဲ့ရသော ထို တစ်ညနေ မြင်ကွင်းတို့ကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။ အောက်ဘက်မှာက မယ်ဇယ်ပင်တန်းကြီး။ ဟိုတုန်းက (၁၀၃)ပင် ရှိခဲ့သည်ဆိုသော မယ်ဇယ်တန်း။ နောင်...ရေဒဏ်၊ လေဒဏ်နှင့် အလစ်မှာ ခုတ်လှဲ၍ ထင်းပြုလုပ်ကြသော မသမာသူတို့ကြောင့် (၉၅)ပင်သာ ရှိတော့သည်။ ဆရာကြီးဒေါက်တာသန်းထွန်းအား အောက်မေ့တသ စိတ်ဖြင့် ညွတ်တွားစွာ ကန်တော့လိုက်ကြသည်။

ထို့နောက် တောင်လေးလုံးဘက် ပြန်လျှောက်ဖြစ်ခဲ့သည်။ ကျောင်းရှေ့တည့်တည့်မှ ဘုရားရင်ပြင်ဘက် ခဏလှည့်လိုက်ပြီး ဦးဆုံး တွေ့လိုက်ရသည်က လမ်းမျက်နှာပြူ မယ်ဇယ်ပင်နှင့် ထိုင်ခုံလေး။ 'ညိုမြ' အမှတ်တရ။ ကုန်းဘောင် ရှာပုံတော် ပြုစုပေးခဲ့သော ညိုမြ။ 'ငရဲခွေးကြီး လွတ်နေပြီ' တို့ခဲ့သော ညိုမြ။ ဆက်လျှောက်ဖြစ်ခဲ့ရာ တောင်မင်းကြီး ဘုရား အနောက်ဘက်အထွက်နားမှာက 'မြသန်းတင့်' အမှတ်တရ...။ နံဘေးမှာ 'တက္ကသိုလ် မောင်စောလွင်' အမှတ်တရ...မယ်ဇယ်ပင်လေး။

*"နောင် နှစ်ပေါင်း ၁၀၀၊ ၂၀၀ ရှိတဲ့အခါမှာတော့*
*အပင်ကြီးက အကြီးကြီး...*
*အပင်ရင်းက ထိုင်ခုံလေးနဲ့ ကျောက်ပြားလေး...*
*စာလေးနဲ့မို့ ထိုင်မိသူတွေက*
*'သြော်...ဒီလိုလူတစ်ယောက်ကို အမှတ်တရ စိုက်ထားတဲ့*
*မယ်ဇယ်ပင်ကြီးကိုး...'လို့ သိကြမှာပေါ့"*

ဟု ဆိုခဲ့သည် လူထုဒေါ်အမာ့အသံဝေ့ဝေ့က မယ်ဇယ်ပင်ကိုင်းတွေပေါ်မှာ လား၊ အရွက်အခက်တွေပေါ်မှာလား...။

ထို့နောက် 'စာဝက်ပါ' ဆရာကြီး ငွေဥဒေါင်းသို့ အမှတ်တရ ကဗျာလေးက –

mgyoe.com

mgyoe.com


*"ခေတ်သမိုင်း အလွှာစုံ*
*'စာကြေးမုံ' ထင်ဟပ်*
*ဘဝဇာတ် အသွယ်သွယ်*
*'စာပန်းချီ' ရေးခြယ်ရင်း*
*ဘုံလယ်ခွင် ခရီးအနှံ့*
*'စာဝက်ပါ' ခြေဆန့်သူ..."*

ဟု ရေးထိုးထားလိုက်ခြင်းက မယ်ဇယ်အရိပ်မှာ နားခိုသူများအတွက် ရေရွတ်ကြည့်ကြဖို့ ရေးစပ်ထားခဲ့ခြင်းများလား။ 'မွေး' ဖန်တီးခဲ့သူ 'ဒေါ်ခင်နှင်းယု အထိမ်းအမှတ်သစ်ပင်' နှင့် 'မဟာဆွေ' အမှတ်တရ အုတ်ခုံလေးတို့ကလည်း ယှဉ်လျက်...။

ဖန်တီးခဲ့သူတို့၏ သမိုင်းတစ်စွန်းတစ်စ လှစ်ဟပြနေသည်ဟု အောက်မေ့လိုက်ရသည်။ ကိုဝင်းငြိမ်း၊ ဝင်းဝင်းမြင့် (နန်းတော်ရှေ့) နှင့် ကိုလင်းနိုင်ဦးတို့ ကျောင်းဝင်းထဲမှ ထွက်လာကြသည်ကို လှမ်းမြင်လိုက်ရသဖြင့် မယ်ဇယ်ပင်လေး နားများမှ ခွာခဲ့ရသည်။ နွေဦးပေါက်တောင်သမန်တောင်လေးလုံးမှ ထွက်ခဲ့ကြတော့ မွန်းတည့်လုနီးပြီ။

(၄)

တောင်သမန် နံနက်ခင်းကို အကြိမ်ကြိမ် ဖြတ်သန်းခဲ့ဖူးပါသည်။

■

အလင်းတန်းကျာနယ် (၅၄၂)၊ ဖေဖော်ဝါရီ ၂၀၀၉

mgyoe.com

mgyoe.com

# မြသန်းတင့် အကဲ်ဆေး

(၁)

၁၉၉၀ လောက်က ရန်ကုန်, စမ်းချောင်း, ဖျာပုံလမ်းရှိ ဆရာ့အိမ်သို့ ရောက်သွားဖူးသည်။ သင်္ကြန်ကာလမို့ မိမိတစ်ကိုယ်လုံး စိုတစ်လှည့် ခြောက်တစ်လှည့်။ သံတံခါးရှေ့အရပ်တွင် လူရိပ်ကို မြင်ရသည်။ ဆရာနဲ့ တွေ့ချင်လို့ပါဟု ပြောရာ...လာပါ၊ ဝင်ပါ၊ ထိုင်ပါဟု တံခါးဖွင့်ပေးသည်။ ခဏအကြာတွင် အပေါ်ထပ်မှ ဆရာမြသန်းတင့် ဆင်းလာသည်။

အသားညိုညို၊ ပိန်ပိန်ပါးပါး၊ ထူထဲလှသော မျက်မှန်နှင့် ဖြောင့်စင်းလှသည့် နှာတံ...။

တာရာမင်္ဂဇင်းမှာ 'ဒုက္ခသည်' ဝတ္ထုတို စ,ရေးခဲ့သူ...

'နေဝင်စ ချိုးမရယ်ကူ' ထဲမှ ကြေကွဲဖွယ်ရာ အပိုင်းအစများ...

'အိကြွေတာညများ' ထဲမှ မောရစ်ကောလစ် အစအနများ...

mgyoe.com

mgyoe.com

'ဓားတောင်' ထဲမှ ကိုနန္ဒာ၊ ရဲမြင့်၊ တင်ထွန်းအောင်...

'မာယာဘုံ' ထဲက အေးမ...

'လိုက်ခဲ့တော့ မြနန္ဒာ' တွင် မောရန်း ထုံမွှေးလှသည်။

ဆွယ်တာ ခပ်နွမ်းနွမ်း ဝတ်ထားသော ဆရာ့ကို အံ့ဩလေးစားမှုတို့ဖြင့် အတန်ကြာအောင် ငေးမော စိုက်ကြည့်နေမိသည်။ ဆရာ့ဟန်ပန်မှာ စာမူ ရေးလက်စ ရပ်ထားခဲ့ဟန်တူသည်။ ဆရာသည် လူငယ်များနှင့် စကားပြောရလျှင် အလုပ်ကို ဒုတိယနေရာမှာ ထားတတ်သူဖြစ်သည်။ ဆရာသည်ပင် တစ်ချိန်က မဟာဆွေတို့လို ပုဂ္ဂိုလ်ကြီးမျိုးကို ချောင်းကြည့်ခဲ့ရသူပင်။ ဆရာက မိမိကို ခပ်စေ့စေ့ကြည့်ပြီး –

"ကိုယ်ခင်မင်လေးစားတဲ့ စာရေးဆရာနဲ့ ဖြစ်နိုင်ရင် သူ့အိမ်ရဲ့ မျက်စောင်းထိုးမှာတောင် သွားမနေနဲ့တဲ့...တော်စတွိုင်း ပြောဖူးတယ်ဗျ..."

ဆရာက မည်သည့် ရည်ရွယ်ချက်ဖြင့် ပြောသည်ကိုတော့ မစေ့ငုမိ။ ထို့နောက် ဆရာ လောလောဆယ် ဘာတွေရေးဖြစ်နေပါသလဲ စသဖြင့် စကားလက်ဆုံကျမိကြသည်။

"အခု... ဘာသာရေးစာပေဘက်က ဆရာတော်ကြီးတွေရဲ့ ဂုရုပွတ္တိ၊ ထေရုပ္ပတ္တိတွေ အစုံဖတ်နေတယ်...အဲဒီစာအုပ်တွေ အားလုံးလောက် ဖတ်ပြီးရင်တော့ ကိုယ့်အမြင်နဲ့ ပြန်ရေးဖို့ စဉ်းစားထားတယ်..."

ဘာသာရေးစာပေနှင့်ပတ်သက်၍ ဆရာ့ဘဝမှာ အမှတ်တရဆိုလို့ ဗုဒ္ဓဝင်စကားပြေစု တစ်အုပ်သာရှိသည်။ ရောဘတ်ပိန်းရဲ့ The Lord's Comes (လာခြင်းကောင်းသော အရှင်)။ ယခု ဆရာရေးမည့်၊ တင်ပြမည့်

mgyoe.com

mgyoe.com



ဘာသာရေးစာပေ၏ပုံသဏ္ဍာန်မှာ မည်သို့နည်း။ သိချင်စမ်းပါဘိ။ ဆရာနှင့် ထွေရာလေးပါး ပြောဆိုကြပြီးနောက် နေအစောင်းတွင် ဆရာ့အိမ်မှ ပြန်လာခဲ့သည်။ ဆရာကိုယ်တိုင် အိမ်တံခါး လိုက်ဖွင့်ပေးသည်။ လူငယ် တစ်ယောက်ကို တူတူတန်တန် ဆက်ဆံလိုက်သော ဆရာ့ပုံရိပ်ကို မိမိရဲ့ နှလုံးသားမှာ ထာဝရ သိမ်းပိုက်ထားလိုက်ရတော့သည်။

(၂)

ဆရာမြသန်းတင့်နှင့်ပတ်သက်ပြီး တသီကြီး ပြန်စဉ်းစားလိုက်တော့ ဆရာပြုခဲ့သော စာပေကျေးဇူးမှာ မိမိတို့ မြန်မာစာပေအပေါ်တွင် တောင်လို မောက်နေပေသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်စာပေ၊ အက်ဆေး၊ ကဗျာ၊ ပြဇာတ်...မနည်းမနောပါလား။ ရေးသူက ရေးနိုင် ခဲ့ပေမယ့် ဖတ်သူတွေကကော နိုင်အောင်ဖတ်နိုင်ကြရဲ့လားဟု အထိတ် အလန့် တွေးမိလိုက်သည်။

မြသန်းတင့်... မြသန်းတင့်...မြသန်းတင့်...ဆိုပြီး နှုတ်ဖျား လေးမှ ပေါ့ပေါ့သာ ပြောနေဆိုနေကြသည်။ မြသန်းတင့် တန်ဖိုးရော နားလည်ကြရဲ့လားဟု ရင်ထဲမှာ ခံစားလိုက်ရသည်။ တစ်နေ့က စာအုပ်စင် ပြန်ရှင်းတော့ ဒဂုန်တာရာစီးရီး၊ သိန်းဖေမြင့်စီးရီး၊ ထင်လင်းစီးရီး၊ ကြည်အေးစီးရီး၊ ဗန်းမော်တင်အောင်စီးရီး၊ ဂျာနယ်ကျော်မမလေး စီးရီး၊ လူထုဒေါ်အမာစီးရီး...စီးရီး (series) ပေါင်းများစွာထဲမှ 'မြသန်းတင့်စီးရီး' ကို အကုန်ဆွဲချလိုက်သည်။ စာရေးစားပွဲပေါ် စီရီပြီး ထပ်ကြည့်လိုက်တော့ 'အောင်မယ်လေး' တ,ယူရသည်။ စစ်နှင့်ငြိမ်းချမ်းရေး (၁၂) အုပ်၊ ဘဝ တက္ကသိုလ်ဆို အထူကြီး။ လေရူးသုန်သုန်က (၂) အုပ်တွဲအထူ။ လက်ကြော

mgyoe.com

mgyoe.com


တင်းအောင် ရေးခဲ့သောစာများ။ ထိုစာစုများထဲမှ 'အက်ဆေး(ဝါ) ရသစာတမ်း'ဘက် အားထုတ်ခဲ့မှုများကို ပြန်ကြည့်လိုက်မိသည်။

၁။ နိုင်ငံတကာရသစာတမ်းငယ်များ (၁၉၉၀) ၂၆ ပုဒ်။
၂။ နိုင်ငံတကာရသစာတမ်းငယ်များ (၁၉၉၇) ၁၈ ပုဒ်။
၃။ နိုင်ငံတကာရသစာတမ်းငယ်များ (၁၉၉၉) ၁၉ ပုဒ်။
၄။ နိုင်ငံတကာရသစာတမ်းငယ်များ (၂၀၀၃) ၁၁ ပုဒ်။
၅။ မြန်မာပြန်ရသစာတမ်းများ (၁၉၉၁) ၄၈ ပုဒ်။
၆။ သမိုင်းစကား ပန်းစကား – ၁ (၁၉၉၇) ၄၈ ပုဒ်။
၇။ သမိုင်းစကား ပန်းစကား – ၂ (၁၉၉၉) ၂၂ ပုဒ်။
၈။ သမိုင်းစကား ပန်းစကား – ၃ (၂၀၀၀) ၂၀ ပုဒ်။

နိုင်ငံတကာ အက်ဆေးများကို ပေါင်းကူးပေးခဲ့သည်ကိုက အပုဒ်ရေ (၂၀၀) နီးပါး။ ထိုအက်ဆေးစာအုပ်များထဲမှ မကြာခဏ ပြန်ဖတ်ဖြစ်သော အက်ဆေးများ ရှိသည်။ ဥပမာ –

(က)နရသီဟပတေ့မင်း၏ ဟင်းခွက်များ
ချောင်ချက်စကူး၏ ရုပ်အင်္ကျီများနှင့်
အီမယ်လ်ဒါမားကို့စ်၏ လေဒီရှူးများ
(ခ) စာအုပ်နှင့်အိမ်
(ဂ) တကျိုကျိုမြည်နေသောတံခါး
(ဃ)အက္ခရာစာလုံးတို့ လောင်မီးကျခြင်း
(င) ကိန်းဘရစ်တက္ကသိုလ်မှ ကျွန်တော့်ဆရာ

ဆရာက အက်ဆေးပေါင်း ရာချီကို ပေါင်းကူးပေးသွားပေမယ့် ဆရာ ကိုယ်တိုင်ကတော့ –

mgyoe.com

mgyoe.com


*"အက်ဆေးကောင်းကောင်းဆိုတာ သမ္မာရင့်တဲ့ စာရေးဆရာကြီးတွေမှ ရေးနိုင်တယ်...သူတို့မှာ အတွေ့အကြုံတွေ...အတွေးအခေါ်တွေက ရင့်ကျက်နေပြီ...အဆီအနှစ်ကိုချည်း ရေးရတာဆိုတော့ ခက်တာပေါ့...ပြီးတော့ အဲဒီအဆီအနှစ်ကိုလည်း လှပကျစ်လျစ်တဲ့ စကားပြေနဲ့ ရေးနိုင်ဖို့ လိုသေးတယ်...ဒီလိုအချက်တွေနဲ့ ပြည့်စုံမှသာ အက်ဆေးကောင်းတွေကို ရေးနိုင်တာ...ကိုယ်က တစ်ခါတလေမှသာ ရေးနိုင်ပေမယ့် အခါခပ်သိမ်းဒါမျိုးတွေကို မရေးနိုင်ဘူး...ဒီတော့...ဘာသာပြန်လိုက်တာပဲ"*

ဆရာမြသန်းတင့်က သူ့ပြောစကားနှင့်အညီ ပင်ကိုရေးအက်ဆေး (၂) ပုဒ် လှလှပပ မွေးထုတ်ခဲ့သည်။

၁။ ထီးကောက်နှင့် ခေါက်ထီး (ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၁၃၊ ဩဂုတ်လ၊ ၁၉၈၅)

၂။ တမာနုချိန်စစ်တမ်း (သင့်ဘဝ၊ အမှတ် ၁၂၊ ၁၉၈၉)

အညာသား ဆရာက 'အညာအက်(တ်)မို့စဖီးယား'ပါသော အက်ဆေး (၂) ပုဒ်ကို 'အက်ဆေးချစ်သူများအတွက်' တသသဖြစ်ကျန်ရစ်အောင် ထားပေးခဲ့သည်။

'တမာနုချိန်စစ်တမ်း'တွင် ခါနွေဆန်းချိန်ရောက်လျှင် အညာသားဖြစ်သော ဆရာက အညာကို လွမ်းတတ်ကြောင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။ အညာကို လွမ်းခြင်းသည် အိမ်လွမ်းဝေဒနာဟု ဆိုသည်။ အထူးသဖြင့် ဆရာက 'တမာနု' ကို လွမ်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် 'တမာနုချိန်' သည် ဆရာ့ရဲ့ နွေလွမ်းဝေဒနာ၊ အိမ်လွမ်းဝေဒနာ၏ ပြဒါးတိုင် ဖြစ်ပါသည်ဟု အဆုံးသတ်သည်။

mgyoe.com

mgyoe.com



ဆရာတစ်ယောက် 'အက်ဆေး' အရေးကောင်းလိုက်ပုံက မိမိတို့မှာ ယနေ့အချိန်ထိ ခါနွေဆန်းလျှင် 'တမာနုချိန်စစ်တမ်း' ကို သတိရနေတတ်ကြသည်။ ထို့နောက်...

'ထီးကောက်နှင့် ခေါက်ထီး'တွင် မိုးခေါင်သော အညာမှာ မွေးခဲ့သူ ဆရာ့မှာ ရန်ကုန်ရောက်လာတော့ 'ထီးဒုက္ခ' တွေ့ကြုံရသည်။ အညာမှာက မိုးတွင်းဆို ထီးမလို၊ မိုးကာ မလိုပါ။ တစ်အိမ်တွင် ထီးတစ်လက်တလေရှိလျှင် လုံလောက်သည်။ သွားရေးလာရေးမှာလည်း အညာမှာက ရန်ကုန်မှာလို အလောတကြီး သွားစရာမလို။ ရန်ကုန်လို အချိန်၏ ဖိစီးမှုကို မခံရ။ အိမ်မှ ထီးယူသွားသူ ရုတ်တရက် ပြန်မလာလျှင်လည်း အကြောင်းမဟုတ်။ မိုးစဲသည့်အခါတွင် ထသွားလိုက်ရုံသာ။ ရန်ကုန်မှာလို မိုးက တရစပ် ရွာနေသည်မဟုတ်။ တစ်နေ့တစ်ခါ ရွာပြီးလျှင် မိုးမင်းသည် သူ့ကိစ္စပြီးလေပြီ။ သို့ပေမယ့်...

ရန်ကုန်ရောက်လာသော အညာသား ဆရာမှာ ထီးမဆောင်းတတ်ပါ။ မိုးရေထဲတွင်လည်း လမ်းမလျှောက်တတ်ပါ။ မိုး နေ့တိုင်းရွာနေလျှင် စိတ်ညစ်နေတတ်သည်။ အိမ်ထဲတွင်သာ ကုပ်၍နေချင်သည်။

*'ထမ်းပိုးအကျင့်မရသေးသော နွားလို ကျွန်တော်သည်လည်း ရန်ကုန်မိုးကို ကျင့်သားမရသေး။ ထမ်းပိုးအတပ်မခံဖူးသော နွား၊ ထမ်းပိုးကိုမြင်လျှင် ကြောက်သလို ကျွန်တော်သည်လည်း ရန်ကုန်မိုးကို ကြောက်နေတတ်သည်'*

ဤသို့ဖြင့် အနှစ် နှစ်ဆယ်,အစိတ် ကြာသောအခါ ရန်ကုန်မိုးနှင့် သဟဇာတဖြစ်အောင် နေတတ်သွားခဲ့ပြီ။ 'ထီးထမ်းလမ်းလျှောက်' ဆိုသော စကားနှင့်အညီ ထီးကောက်ကြီးကိုင်သည့်အကျင့် ရနေလေပြီ။

mgyoe.com

mgyoe.com


ထီးကို လမ်းလျှောက်လက်ကိုင်တုတ်လို မြေတွင် တဒေါက်ဒေါက်ထောက်၍ သွားရသည်မှာ အရသာရှိနေခဲ့သည်။ ခွေးလေခွေးလွင့် ဘေးရန်မှလည်း ကာကွယ်နိုင်သည်။ ဆရာ့အဖို့ ထီးကောက်မှာ ရန်ကုန်မိုးတွင်းတွင် မရှိမဖြစ်ပစ္စည်း ဖြစ်နေခဲ့ပါပြီ။ ၁၉၇၀ နောက်ပိုင်းတွင် 'ခေါက်ထီး' ခေတ်စားလာသည်။ အော်တိုမက်တစ် ခေါက်ထီးများ ထပ်ပေါ်လာပြန်သည်။ သူတကာက ခေါက်ထီးနှင့် ဖြစ်နေချိန်မှာ ဆရာက ထီးကောက်ကြီးနှင့် ကိုးရိုးကားရား။ ပတ်ဝန်းကျင်မှ ထီးကောက်ကြီး ကိုင်ဆောင်မှုနှင့်ပတ်သက်ပြီး အမျိုးမျိုးဝေဖန်ကြသော်လည်း ဆရာက မမှုပါ။

*'ကျွန်တော်သည် နှေးကွေးသူဖြစ်ရာ အရာဝတ္ထုတစ်ခုကို စုံမက်ပြီဆိုလျှင် ရုတ်တရက် သံယောဇဉ်ဖြတ်၍မရပါ။ အရာဝတ္ထုတစ်ခုကို သံယောဇဉ်ဖြတ်ပြီး ရုတ်တရက် ပြန်ဆက်ရန် မလွယ်ပါ။ အယူအဆတစ်ခုကို လက်ခံမိပြီဆိုလျှင်လည်း ပြန်ပြောင်းဖို့ ခက်ပါသည်'*

ထိုသို့ဖြင့်...

ဆရာသည် ထီးကောက်ကြီးနှင့် အသားမကျစွာပင် ဖြတ်သန်းသွားလာ နေဆဲ။ အဆုံးတော့ ဈေးနှုန်းချိုသာပြီး ခေတ်နှင့်လျော်ညီသော 'ခေါက်ထီး' တစ်လက် ဝယ်ကိုင်လိုက်ရတော့သည်။ အနှစ်နှစ်ဆယ်ကျော်သုံးခဲ့သော 'ထီးကောက်ကြီး'ကို ဆရာက ချောင်ထိုးထားလိုက်တော့သည်။ ဆရာသည် 'ထီးကောက်ကြီး'ကို မေ့နေလေပြီ။ ကိုင်ရသည်ကိုပင် 'ဂိုက်ပဲ့' သည်ဟု ထင်နေပေပြီ။ 'ခေါက်ထီး'နှင့် အိုကေမှာ စိုပြေနေဆဲတွင် ရောင်စုံထီးကောက်ကြီးတွေ ခေတ်စားလာပြန်သည်။ 'ခေါက်ထီး'ကိုင်လျှင် ခေတ်မမီတော့ဟု ပြောလာကြပြန်သည်။ သို့ပေမယ့် သည်တစ်ခါတွင်တော့

mgyoe.com

mgyoe.com


အများညီ၍ 'ဤ'ကို 'ကျွဲ'ဖတ်ကြပေမယ့် ဆရာကတော့ 'ခေါက်ထီး'ကို ကိုင်မြဲကိုင်နေဆဲ။ 'ထီးကောက်ကြီး'မှာလည်း ချောင်ထဲတွင် ရှိမြဲရှိနေဆဲ ဟု အဆုံးသတ်ထားသည်။

(၃)

မိမိကတော့ ခါနွေဆန်းချိန်ရောက်လျှင် 'တမာနုချိန်စစ်တမ်း'ကို တစ်ခေါက်လောက်တော့ ပြန်ဖတ်မိပြီး…

မိုးဦးကျ ဌွန်လဆန်းတွင် 'ထီးကောက်နှင့် ခေါက်ထီး' ဘာ ဆောင်းရမလဲဟု တွေးနေမိသည်။

■

ချယ်ရီမဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၂၀၀၈

*စာညွှန်း – ဝင်းငြိမ်း 'မြသန်းတင့်နှင့် တွေ့ဆုံခြင်း'*

mgyoe.com

mgyoe.com

# ပန်းနုရောင် စုတ်ချက်သုံးချက်

## (၁)

ဇွန်လမိုးရေစက်များနှင့်အတူ မန္တလေးက လွမ်းစရာပင် ကောင်းနေသေးတော့သည်။ လမ်း ၃၀၊ ၆၈ လမ်းထောင့်ရှိ 'စိန်မြင့်မိုရ်' ကဖေးတွင် ထိုင်ရင်း…ဆုံတွေ့နေကျ အက်ဆေးဆရာကိုမျှော်ရင်း…ဘာရယ်မဟုတ် အလွမ်း စိတ်က ရင်ထဲသို့ ဖျတ်ခနဲ ရောက်လာရသည်။ မိုးက သဲသဲမဲမဲ ရွာသည်လည်း မဟုတ်၊ တအိအိနှင့် တဖွဲဖွဲရွာနေသည်။ ခါတိုင်း သည်နား တစ်ဝိုက် ဖြတ်သွားဖြတ်လာ ရှိနေခဲ့ပေမယ့် အခုလို 'အလွမ်းစိတ်'မျိုး ကိန်းအောင်းမလာဖြစ်ခဲ့ပေ။

ယနေ့တော့ မိုးကပဲ ညှို့သလားမသိ၊ သောက်လက်စ လက်ဖက်ရည်က တစ်ဝက်ကျန်သေးသည်။ လက်ဖက်ရည်ဖိုး ရှင်းပြီး ဆိုင်ကယ်ရှိရာသို့ လှမ်းလိုက်မိသည်။ တောင်ဘက်သို့ ဦးတည်၍ ၆၈ လမ်းအတိုင်း တစ်ပြ မောင်းလိုက်ရသည်။ အရင်က ဂျိတီအိုင်ကျောင်း၏ အရှေ့တောင်

mgyoe.com

mgyoe.com



ထောင့်၊ ယခုတော့ အမျိုးသမီးသားဖွားဆေးရုံ၏ အရှေ့တောင်ထောင့် ဖြစ်သွားခဲ့ပြီ။ ဆိုင်ကယ်ကိုရပ်၊ သော့ကိုပိတ်၊ ထိုလမ်းထောင့်တွင် ခဏ ရပ်ပြီး ခြံစည်းရိုး ကာရံထားသော လမ်းထောင့်နေရာလေးဆီသို့ အကြည့် က ရောက်သည်။ ဟိုတုန်းကလို ဝါးရုံပင် မြင့်မြင့်မားမားများ မရှိကြတော့။ လေသိမ်းတိုင်း နွဲ့ယိမ်းနေတတ်သော ဝါးရုံပင်မှ ဝါးရွက်သံများလည်း မကြားကြရတော့။ အရာအားလုံး ဝေဝါးသွားခဲ့ကြပြီ။ လွန်ခဲ့သော အနှစ် နှစ်ဆယ်...။

ဤနေရာလေးတွင် 'ပင်ဝါးရုံကဖေး' ရှိခဲ့ဖူးသည်။ မိမိတို့ ကြည်သာပျော်မွေ့စွာ ထိုင်ခဲ့ကြဖူးသည်။ ဝါးရွက်ခတ်သံတို့ကို နားစွင့်ခဲ့ဖူး သည်။ ဝါးရုံပင်များအောက်ရှိ စားပွဲခုံများတွင် မိမိတို့တစ်တွေ တိုးတိုး ဝေ့ဝေ့။ ဝါးရုံပင်အရိပ် ပြောက်တိပြောက်ကျားအောက်တွင် ထိုင်ပြီး ဆေးပေါ့လိပ် ဖွာသူကဖွာ၊ လက်ဖက်ရည်တစ်ကျိုက် မော့သူကမော့။ ၃၅ လမ်း ဂေါ်ရာကုန်းတွင်နေသော ဆရာ မောင်စိန်ဝင်း (မြန်မာစာ နည်းပြ)က မိမိတို့ရှိရာ 'ပင်ဝါးရုံကဖေး'ဆီသို့ သူ့ စီးတော်မြင်း စက်ဘီး လေးဖြင့် ကိုးကျင်း...ကိုးကျင်း ရောက်ရောက်လာတတ်သည်။ ဆရာက စာချစ်သူ၊ စာစုသူ။ မန္တလေးမြို့ရှိ လမ်းဘေးတက္ကသိုလ်များထဲ ဝင်ရင်း၊ ထွက်ရင်း ဆရာနှင့် ရင်းနှီးခင်မင်ခဲ့ရသည်။

"ကျွန်တော် မောင်စိန်ဝင်းပါ...ဒါပေမဲ့ ပုတီးကုန်း မဟုတ်ပါ ဘူး... ဂေါ်ရာကုန်းပါ..."

ဆရာ မိတ်ဆက်စကားပြောစဉ်မှာပင် မိမိတို့က သဘောကျ သွားခဲ့ကြပြီဖြစ်သည်။ ထိုစဉ်က စာရေးဆရာမောင်စိန်ဝင်း (ပုတီးကုန်း)မှာ 'ပန်းတောမှာ ကြွေနေသည်'တို့၊ 'သောကခြေရာ ရတနာများ'တို့ဖြင့် စန်းအပွင့်ဆုံးကာလ။ ထိုနောက်ခံကားချပ်ဖြင့် ဆရာက သူ့ကိုယ်သူ

mgyoe.com

mgyoe.com


'ပုတီးကုန်း မဟုတ်ပါ၊ ဂေါ်ရာကုန်းပါ'ဟု ဆိုလာသောအခါ မိမိတို့ တစ်တွေ သောခနဲ ရယ်လိုက်ကြရသေးသည်။

အများအားဖြင့် 'ပင်ဝါးရုံကဖေး' ထိုင်ကြစဉ် ဆရာက ဦးဆောင်ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး သင့်သလို ဆွေးနွေးပြောဆိုခဲ့သည်။ မန္တလေးတက္ကသိုလ် မြန်မာစာအထူးပြု တက်ရောက်တော့မည့် မိမိကို ဆရာက (မှတ်မှတ်ရရ) မောင်ခင်မင် (ဓနုဖြူ)၏ 'စကားပြေသဘောတရား၊ စကားပြေ အတတ်ပညာ'စာအုပ်ကို လက်မှတ်ထိုးပြီး လက်ဆောင်ပေးသည်။ ထိုစာအုပ်မှာ ရန်ကုန်တက္ကသိုလ် မြန်မာစာအသင်းက ထုတ်ဝေခဲ့သော ဒုတိယအကြိမ်ထုတ် စာအုပ်။ မိမိကို ထိုစာအုပ်ဖတ်စေပြီး အခါအခွင့်သင့်တိုင်း ဆရာက ဆွေးနွေးစေခဲ့သည်။ မိမိကလည်း ဆရာ့အား တက္ကသိုလ်နှင့်ပတ်သက်၍ သိလိုသမျှ မေးသည်။ စူးစမ်းသည်။ စာထဲမှာ ဖတ်ခဲ့ရသော တက္ကသိုလ်များနှင့် တူမတူ။ ရင်ခုန်သံစည်းချက် ညီမညီ။ ထိုစဉ်က ဖတ်ဖြစ်နေခဲ့သော ဆရာမြသန်းတင့်၏ 'လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ'ထဲမှ အင်ဒရူးအဲလီယော့၊ ဂျေဆန်ဂီးလ်ဗတ်၊ သီယိုဒိုလင်းဗရိုစ့်တို့အကြောင်း အားတက်သရော ပြောပြမိတော့ ဆရာက သူ့ပါးချိုင့်လေးပေါ်အောင် ရယ်ရင်း...

"အဲဒီဝတ္ထုထဲက ခံစားမှုတွေ၊ ဇာတ်ကောင်တွေကို မင်း, ဒီစားပွဲပေါ်မှာပဲ ထားခဲ့ပါကွာ..."

ဟု ပြောသည်။ ထိုစဉ်က ဆရာပြောခဲ့သော စကားရပ်အပေါ် ကောင်းစွာ နားမလည်ခဲ့။ မစေ့ငုမိခဲ့ပေ။

တက္ကသိုလ်မှာ တွေ့ရတော့မည့် ဆရာ၊ ဆရာမများသည် ဖတ်ခဲ့ဖူးသော တက္ကသိုလ်နောက်ခံ ဝတ္ထုများထဲမှ ဇာတ်ဆောင်များလိုပဲဟု စိတ်ထဲ ထင်နေခဲ့မိသည်။ ထိုစိတ်ဖြင့် အရမ်းတက်ကြွနေခဲ့ရသည်။

mgyoe.com

mgyoe.com

တစ်ရက်…ဆရာနေထိုင်ရာ ဂေါ်ရာကုန်းရှိ ဆရာ့အိမ်သို့ လိုက်သွားခဲ့သည်။ ဆရာ့အိမ်အောက်ထပ် ပတ်ပတ်လည်တွင် စာအုပ်စင်ကြီးများက ဟီးထနေသည်။ စာတောအလယ် ရောက်သွားရသလိုမျိုး။ ဝတ္ထုဆို ဝတ္ထုစင်၊ ကဗျာဆို ကဗျာစင်၊ ဘာသာပြန်ဆို ဘာသာပြန်စင်၊ သမိုင်းသုတေသနဆို သမိုင်းသုတေသနစင်၊ မဂ္ဂဇင်းအဟောင်းများကလည်း တစ်စင်။ ဆရာ့အနေအထားကမှ တက္ကသိုလ်မြန်မာစာနည်းပြနှင့် ကိုက်ညီလှသည်။ တက္ကသိုလ်ဆရာဆိုတာ ဒီလိုဖြစ်နေရမည်ဟု တွေးခဲ့မိသည်။ သိစိတ်ကရော မသိစိတ်ကပါ ဆရာ့ကို အားကျနေမိသည်။ ဖြစ်ချင်တော့ မန္တလေးတက္ကသိုလ် မြန်မာစာအထူးပြု တက်ရောက်စဉ် နှစ်ဝက်လောက်မှာပင် ဆရာက နယ်သို့ ပြောင်းရွှေ့သွားရသည်။

## (၂)

ထိုနေ့က မန္တလေးတက္ကသိုလ် ကျောင်းဝင်းထဲတွင် စိန်ပန်းပြာ၊ စိန်ပန်းနီတို့ 'ဂယ်လာရီ'ဖွင့်ထားသလား အောက်မေ့ခဲ့ရသောနေ့ဖြစ်သည်။ စကားပြေ သင်မည့်ဆရာ မလာသေး၍ မိမိတို့တစ်တွေ တစ်ယောက်နှင့် တစ်ယောက် စ,လိုက်ကြ၊ နောက်,လိုက်ကြ။ ဘယ်အချိန်က ဆရာဝင်လာမှန်း မသိလိုက်ကြ။ အမှန်အတိုင်းပြောရလျှင် ဆရာ့အရပ်အမောင်းက အတော်ပင် ပုသည်။ ပါဝါမျက်မှန်ကိုင်း တင်ထား၍သာ ဆရာဟု ဆိုရမည်။ ဆရာက အတန်းသူ၊ အတန်းသားတွေကို ဘာမျှမပြော။ သူသင်မည့်စာက သိဃ်သူ့သမီးကျောက်စာစကားပြေ။ သို့ပေမယ့် မိမိတို့က ပုံနှိပ်စာအုပ် လှန်ထားကြပြီး ဆရာ ဘယ်ကဘယ်လို စသင်မလဲဟု စိတ်စောနေခဲ့ကြသည်။ ဆရာကတော့ သူ့မမိမကမ်းအရပ်ဖြင့် အပေါ်မှစာများကို ဒက်စတာဖြင့် ဖျက်နေသည်။ ပြီးနောက် စာတစ်ကြောင်း ရေးတင်လိုက်သည်။

mgyoe.com

mgyoe.com


'မနက်ဖြန်ဆို ဇန်နဝါရီပန်းတွေ ပွင့်တော့မယ်'

မိမိတို့တစ်တွေ လိုက်ကူးရမှာလား၊ ဒါမှမဟုတ် ဆက်ပြီး နားစွင့်နေရမလား မဝေခွဲသာ ဖြစ်နေရသည်။ ထိုအခါမှ ဆရာက စကားပြေ၏ခွန်အား၊ ကဗျာ၏ အတွေးခွန်အားတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်ဆိုရှင်းပြပြီး 'သိယံသူ့သမီးကျောက်စာစကားပြေ' စ,သင်သည်။

ဆရာ့ကို မိမိအဖို့ စိတ်ဝင်စားသွားရသည်။ ထို့ကြောင့် အတန်းပြီးလျှင်ပြီးချင်း ဆရာ့နောက် အပြေးလိုက်သွားရင်း မိတ်ဆက်စကား ဆိုရသည်။ ဆရာကလည်း လိုလိုလားလားပင် သူ့နာမည် စိန်သီးဦး ဟု ပြောသည်။

ဆရာ စိန်သီးဦး...။ နာမည်က ဆန်းနေပြန်သည်။ ဆရာ့အိမ်က တက္ကသိုလ်ဝင်း၏ညာဘက် စားလွယ်ခုတ်လောက်မှာဖြစ်သည်။ ဗောဓိကုန်း ဘုရား အနောက်ပေါက်ထိပ်အိမ်မှာ ဆရာက စတိုးဆိုင် ဖွင့်ထားသည်။ တက္ကသိုလ်နှင့်နီးသော ဆရာ့အိမ်သို့ မိမိတို့ အရောက်အပေါက် များခဲ့ကြသည်။ အတန်းထဲတွင် ဆရာ,တပည့် ဖြစ်နေသော်လည်း အတန်းပြင်ပတွင် မိတ်ဆွေဆက်ဆံရေးမျိုးဖြင့် ဖြတ်သန်းခဲ့ကြသည်။ နောက်ပိုင်း ဆရာ စိန်သီးဦးနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ဆရာ,တပည့်အဆင့်၊ မိတ်ဆွေ အဆင့်တို့ထက်ပင် မကခဲ့ကြတော့။ စာပေဝါသနာတူသူအချင်းချင်း ဆက်ဆံမှုမျိုးအထိ လှမ်းတက်ဖြစ်ခဲ့ကြသည်။

မိမိက စာပေဘက် အလွန်တိမ်းညွတ်မှန်းသိတော့ ဆရာက တိုးပြီး ခင်မင်ပုံရသည်။ ဆရာက မိုးမိတ်ဇာတိဖြစ်သည်။ နည်းပြဆရာ ပေါက်စဘဝက ရုန်းကန်ခဲ့ရပုံများကို တစ်ခါတစ်ခါ ပြောပြောပြတတ်သည်။ သူ့ဘဝမှာ အားအကျဆုံးသူက သမိုင်းပညာရှင် ဒေါက်တာ သန်းထွန်း။ ဘယ်လောက်အထိ အားကျခဲ့သလဲဆို ဆရာသန်းထွန်းက

mgyoe.com

mgyoe.com


ဘယ်ဖြင့် ရေးတတ်သည်ဆို၍ ဘယ်လက်ဖြင့် စာရေးတတ်အောင် လေ့ကျင့်ခဲ့သည် ဆိုတာမျိုး။ စာဖတ်လျှင်လည်း ဆရာသန်းထွန်းလို ကတ်စနစ်ဖြင့်တင်ပြီး စာဖတ်ခဲ့သည်ဆိုတာမျိုး။ မန္တလေးတက္ကသိုလ် မြန်မာစာဌာနတွင် တချို့ဆရာ ဆရာမများနှင့် သိပ်အစေးမကပ်။ သူက တစ်ခါတလေ ဝွတီးဝွကျ ပြောတတ်, ဆိုတတ်သည်။ အထူးသဖြင့် ပြဋ္ဌာန်းစာများထက် ပြင်ပစာပေများအပေါ် တိမ်းညွတ်သူ၊ တွေးရိုးတွေးစဉ်, ရေးရိုးရေးစဉ်များကို သူက မကြိုက်။ စူးရှသော အတွေးများဖြင့် နေထိုင်တတ်ခဲ့သူ။ ဆရာနှင့် သွားအတူ လာအတူ နေခဲ့ပေမယ့် စာပေနှင့် ပတ်သက်ပြီး ထူးခြားထင်ရှားသော မှတ်တိုင်တစ်တိုင် စိုက်ခဲ့သည်ကို နောင်ကာလအတန်ကြာမှ သိခွင့်၊ လေ့လာခွင့် ရခဲ့ပြန်သည်။

၄–၁၂–၁၉၇၇ ခုနှစ်ထုတ် ဟံသာဝတီသတင်းစာ ဖတ်ခွင့်ရလိုက်မှ ဆရာ့တန်ဖိုး ပိုသိလာခဲ့ရသည်။ ဟံသာဝတီသတင်းစာထဲတွင် ဆောင်းပါးရှင် ဦးဝင်းတင်က 'ဂဏန်း ၁'ဆိုပြီး ရေးသားချီးမွမ်းခဲ့သည်။ အဆိုပါ ရေးသားချက်များမှာ –

*'သောကြာနေ့က မန်းတက္ကသိုလ် မြန်မာစာဌာနမှ မဟာဝိဇ္ဇာ စာပေ သုတေသန ဆရာကလေး စိန်သီးဦး ကျွန်တော်တို့ထံ ရောက်လာပြီး... 'ဆရာ့ဖို့ စာဆိုတော်နေ့ အထိမ်းအမှတ် လက်ဆောင်'ဟုဆိုကာ အထုပ်တစ်ထုပ်ပေးလာသည်။ စိန်သီးဦး ၏ စာဆိုတော်နေ့ စာရွက်စက္ကူလက်ဆောင်သည် သတင်းစာ ဟောင်း ၁၂ စောင်။ စာရွက်တွေက ဝါဖျော့နေပြီ၊ ကြွပ်ရွနေပြီ။ နှစ် ၁၀၀ ကျော်က ပုံနှိပ်ထုတ်ဝေခဲ့သည့် စာရွက်များဖြစ်၍ အချို့နေရာတွင် အဖတ်ရခက်လှနီးပါး မှိန်ဝေနေသည်။ အချို့ နေရာတွင် အကိုင်ရခက်လုနီးပါး ပဲ့ကြွေနေသည်။*

mgyoe.com

mgyoe.com


*ရတနာပုံနေပြည်တော်သတင်းစာ*
*၁၂၃၆၊ တပေါင်းလဆန်း ၁၄ ရက် စနေနေ့*
*(၁၈၇၅ မတ် ၂၀)*

*တွင် ရတနာပုံမြို့တည် မင်းတုန်းမင်းတရားကြီး ထုတ်ဝေခဲ့သည့် ရတနာပုံနေပြည်တော်သတင်းစာ။ ရတနာပုံနေပြည်တော် သတင်းစာသည် မြန်မာနိုင်ငံ၏ အစောဆုံးသတင်းစာ မဟုတ်ပါ။ သို့သော် မန္တလေး၏ ပထမဆုံးသတင်းစာ။ အထက်မြန်မာ နိုင်ငံ၏ ပထမဆုံးသတင်းစာ။ မြန်မာနိုင်ငံ၏ အဦးအဖျားဆုံး သော နိုင်ငံပိုင်သတင်းစာ။ ရတနာပုံခေတ် မြန်မာစာပေ၏ အညွန့်အဖူး စာဆိုတစ်ဦးဖြစ်သည့် ဘိုးဝဇီရ အမည်ခံ ဦးထင် သတင်းစာဆရာအဖြစ် ဂန္ထဝင်မြောက် ကဗျာဟန်သတင်းများ ကို ပါဝင်ရေးသားခဲ့သည့် သတင်းစာ။ သတင်းစာသမိုင်းပြတိုက် ဖွင့်နိုင်သည့်အခါတွင် 'ဂဏန်း ၁' ကို ပြတိုက်တွင် ပြသထား နိုင်ရန်အတွက် သုတေသနဆရာလေး စိန်သီးဦး ကောင်းမှုအဖြစ် လှူဒါန်းလိုက်ပါမည်'*

ဟူ၍ ဖတ်လိုက်ရမှ ဆရာသည် တစ်ချိန်က မန္တလေးရှိ စနေစာပေဝိုင်းမှ ဝိုင်းတော်သားတစ်ဦးဖြစ်ကြောင်း တိုးပြီး သိခွင့်ရလိုက်ပြန်သည်။ ထို့နောက် မိုးဝေတစ်ခေတ်တွင်လည်း စာပေဆောင်းပါးများ စဉ်ဆက်မပြတ် ရေးသားခဲ့သူ။

မိမိနှင့် မန္တလေးတက္ကသိုလ်ကာလတွင် ပြန်ဆုံကြချိန်၌ ဆရာ တစ်ယောက် စီးပွားရေးပင်လယ်ထဲ မျောပါနေခဲ့ပြီဖြစ်သည်။ မိမိတို့ တစ်တွေနှင့် ပြန်ဆုံတော့မှ ဆရာတစ်ယောက် 'စာပေပိုး' ပြန်ထခဲ့ရ ပြန်သည်။ ဆရာအပါအဝင် မိမိတို့တစ်တွေ စုပေါင်းပြီး မန္တလေးမှ

mgyoe.com

mgyoe.com


'စာပေဆုများ'အပ်နှင်းခဲ့ကြသေးသည်။ မှတ်မှတ်ရရ မောင်ချောနွယ်၏ မြို့သစ်မိုး၊ ဝိုင်ချို၏ ကဗျာတစ်ပုဒ်၊ စောဝေ၏ မဟေသီထဲမှ မေတ္တာဆု… တတ်နိုင်သရွေ့ ပါဝင်ထည့်ဝင်ကြပြီး ကာလတောင်တာ တိုတောင်းသော်လည်း ကဗျာဆရာများဘက်မှ စကားသံများကြားရ၍ အတိုင်းထက်အလွန် ဝမ်းမြောက်ခဲ့ကြရသည်။ မကြာမီမှာပဲ ဆရာလည်း နယ်ကောလိပ်တစ်ခုသို့ ပြောင်းရွှေ့သွားခဲ့ရပြန်သည်။

(၃)

ဆရာဦးသန်းဆွေ (လင်းဝေ) တစ်ယောက် မန္တလေးရောက်နေသည်ဟု ကဗျာဆရာ မောင်သင်းပန်က ပြောလိုက်တော့ ရင်ထဲမှာ နွေးခနဲ ဖြစ်သွားရသည်။ ကျောင်းပြီးသွားသည့်နောက်ပိုင်း ဆရာနှင့် မဆုံဖြစ်ကြတာ ကြာမှဖြင့်။ တစ်ခါ တရုတ်ပြည်တက္ကသိုလ်တစ်ခုမှ ပြန်လာစဉ်က ခဏဆုံလိုက်ရသေးသည်။

ထို့နောက် ဆရာလည်း မုံရွာရောက်၊ ထို့နောက် မြိတ်တက္ကသိုလ်သို့ရောက်…။ ဤသို့ဖြင့် ဆရာနှင့် ကာလအတန်ကြာ ဝေးသွားခဲ့ရသည်။ ဆရာနှင့် ထိထိခတ်ခတ် မတွေ့ကြရပေမယ့် ဆရာတစ်ယောက် ဟို…အရင်တုန်းကလိုပဲ 'စာ'တွေ ဖတ်ဖြစ်နေဦးမည်ဆိုတာတော့ ကျိတ်တွေးနေမိခဲ့သည်။

လွမ်းမောဖွယ်ရာ ကောင်းပြီး၊ ခံစားမွေ့လျော်ဖွယ် ကောင်းခဲ့သော တက္ကသိုလ်ရက်စွဲများထဲမှာ ဆရာနှင့်ဆုံခဲ့ကြရသည်။ စာဖတ်ဝါသနာကြီးသော မြန်မာစာပြဆရာမို့ မိမိတို့နှင့် လုံးဖြစ်ခဲ့သည်။ မန္တလေးတက္ကသိုလ်အရှေ့ထိပ်ရှိ 'ချမ်မာရီ'သို့ ရောက်သွားရာ စာအုပ်ပုံများကြားထဲမှာ ကျပ်ကျပ်သိပ်သိပ် နေထိုင်နေခဲ့သော ဆရာ့ဘဝကြည့်ပြီး မိမိမှာ မပွန်းကျပ်ဘဲ ပိုလို့ပင် ပျော်နေခဲ့မိပြန်သည်။

mgyoe.com

mgyoe.com


ဆရာ့အခန်းထဲမှ လှမ်းကြည့်လျှင် 'ချမ်မာရီ'ဝင်ရာ လမ်းနှစ်မြွာကို မြင်ရမည်။ ယူကလစ်ပင် မိုးတိုးမတ်တတ်ကိုလည်း တွေ့ရမည်။ တောအုပ်စိမ်းစိမ်းလေးထဲ ရောက်နေသော ဆရာ့ဘဝ။ ဆရာကတော်ကလည်း အင်မတန်မှ အေးချမ်းလှသူ။ သူ့တပည့်များက အလိုက်ကမ်းဆိုးမသိ တဝုန်းဝုန်း ရောက်လာလျှင်လည်း အပြုံးမြမြဖြင့် အမြဲတမ်း ဆီးကြိုနေတတ်သူ၊ ဆရာတို့မောင်နှံက စစ်ကိုင်းဈေးကြီး အရှေ့ဘက်အရပ်မှာ နေထိုင်သူများဖြစ်သည်။ ဆရာတစ်ယောက် မန္တလေးတက္ကသိုလ်ဝင်းထဲမှာ နှစ်များစွာနေပြီး ကျင်လည်နေခဲ့တော့ ဆရာ့ဇနီးလည်း မန္တလေးရောက်လာခဲ့ရခြင်းပင်။ ၁၉၈၈ ဖေဖော်ဝါရီလထုတ်၊ မိုးဝေမဂ္ဂဇင်းထဲတွင် ဆရာက 'လင်းဝေ'အမည်ဖြင့် 'ရွှေဘိုမြို့သူကြီး ဦးရဲဒင်' အကြောင်း ဆောင်းပါးရေးခဲ့သည်။

*'သူဟာ ရွှေဘိုသား, အသားက ညိုညို၊ ကိုယ်ဟန်က နွဲ့နွဲ့။ သူ့ကိုများ အထင်သေးပြီး အင်္ဂလိပ်လိုတွေဘာတွေ သွားမစမ်းလေနဲ့။ အင်္ဂလိပ်လူမျိုးတွေနဲ့ ပြိုင်ပြီးပြောနိုင်တဲ့ တကယ့်လူပါ။ ဒါပေမဲ့ သူ့ကိုမြင်ရရင် ဒီလိုတော်မှန်း တတ်မှန်း မသိနိုင်ဘူး။...ဦးရဲဒင်ဟာ မြို့သူကြီး မျိုးရိုးပါ။...ရွှေဘို၊ မန္တလေးနှင့် ရန်ကုန်မှာ ကျောင်းနေပြီး ရှေးခုနစ်တန်း အောင်တယ်လို့ ဆိုတယ်။ ကိုလံဘိုကို ပညာသင်သွားဖို့ အစီအစဉ်ရှိပေမယ့် ပထမကမ္ဘာစစ်ကြီးဖြစ်လို့ မိဘတွေက ရွှေဘိုက လှမ်းတားတာနဲ့ မသွားဖြစ်ဘူးတဲ့။ ရွှေဘိုမှာ မြို့သူကြီးလုပ်တယ်။ မျိုးရိုးဇာတိမာန်စိတ် ပြင်းတယ်။ ရွှေဘိုမြို့ရိုးက အုတ်တွေကို မြို့သူမြို့သားတွေ သယ်တာ။ မြို့ရိုးကို ဖျက်တာတို့ မကြိုက်ဘူး။ သူ့အိမ်ရှေ့မှာ လှည်းသမားတွေက နွားကို အတင်း*

mgyoe.com

mgyoe.com


ရိုက်မောင်းရင် သူက လမ်းထွက်ပြီး လှည်းသမားကို ရိုက်လေ့ရှိသတဲ့။ နောက်ပြီး သတ်မယ့်နွားတွေကို ဝယ်ပြီး အိမ်မှာ ကျွေးမွေးထားတတ်တယ်။ နယ်ကနေ ရွှေဘိုဆေးရုံကို လာတက်ရင်း ဆုံးတဲ့ အသုဘတွေကိုလည်း သူတို့ရပ်ရွာ ပြန်မယူနိုင်လို့ရှိရင် သူ့အိမ်မှာ အထားခိုင်းလေ့ရှိတယ်။ ဦးရဲခင်က ဆရာကြီးဩကို 'ဘုရားက ဒါလောက် အသိဉာဏ်ရှိပြီး၊ ရုပ်ဆင်းသဏ္ဍာယ်ပါလျက်သားနဲ့ တိတ္ထိတွေက ဘာလို့ မကြည်ညိုတာလဲ'လို့ မေးဖူးသတဲ့။ ဆရာကြီးဩက 'လူက အခံညံ့နေရင် မတော်တာ မြင်တတ်တယ်'လို့ ပြောခဲ့ဖူးတယ်။ ဦးရဲခင်ဟာ အိမ်ထောင်သုံးဆက် ကျခဲ့ဖူးတယ်။ ဒုတိယဇနီးလက်ထဲမှာ မြခြေကျင်းငွေမြိုင်ကို ယူပြန်တယ်။ ဒေါ်ငွေမြိုင်ဆိုတာ ပြည်သူချစ်တဲ့ အနုပညာသည် မြခြေကျင်း ငွေမြိုင်ပါ။ မြခြေကျင်း ငွေမြိုင်ဟာ ဦးရဲခင်ရဲ့ တတိယဇနီးဖြစ်ပေမယ့် ပထမချစ်သူလို့ ဆိုနိုင်ပါလိမ့်မယ်။ မြခြေကျင်းငွေမြိုင်ကို ကျောင်းသားအရွယ်ငယ်ကတည်းက စွဲစွဲမြဲမြဲ ချစ်ခဲ့တယ်။ အရှုံးအမှုံး ပိုးပန်းခဲ့တယ်။ ဦးရဲခင်နဲ့ မြခြေကျင်းငွေမြိုင်ဟာ နှစ်နှစ်၊ သုံးနှစ်လောက်ပဲ ပေါင်းလိုက်ကြရတယ်။ ထင်သလိုနေတတ်တဲ့ အဂ္ဂိယတ်သမား ဦးရဲခင်ရဲ့ အကျင့်စရိုက် ဝါသနာတွေကို သည်းမခံနိုင်တာနဲ့ ကွဲကြရောတဲ့။ မန္တလေးရှမ်းပွဲမှာ မြခြေကျင်း ငွေမြိုင် ချို့ချို့တဲ့တဲ့ ဖြစ်နေတာကို အဒေါ်တွေက တွေ့ခဲ့လို့ ဦးရဲခင်ကိုပြောတော့ မြခြေကျင်းငွေမြိုင့်ဆီ ငွေခုနစ်ရာ ပို့လိုက်တယ်။ မာနကြီးတဲ့ မြခြေကျင်းငွေမြိုင်က ငွေကို လက်မခံဘဲ စာတိုက်က ပြန်ပို့လိုက်သတဲ့...'

mgyoe.com

mgyoe.com


ဆရာက 'လင်းဝေ' ကလောင်ဖြင့် ဝတ္ထုတိုအချို့၊ ရုပ်ပုံလွှာအချို့၊ ဆောင်းပါး၊ ကဗျာတို့ ရေးခဲ့ဖွဲ့ခဲ့သေးသည်။ မြန်မာစာ Ph.D အတွက် 'သရော်စာများ' ကျမ်း တင်သွင်းခဲ့သည်ဟု သိရသည်။ ၂၈-၄-၂၀၀၈ မနက်ပိုင်းမှာ ဆရာနှင့် မိမိတို့တစ်တွေ ၇၃ လမ်းပေါ်က လက်ဖက်ရည်ဆိုင်တွင် ခဏ ဆုံဖြစ်ခဲ့ကြသည်။ မိမိက 'ရွှေအမြုတေရဲ့ ရွှေအမြုတေများ' စာအုပ်ကို လက်ဆောင်ပေးတော့ ဆရာက ခဏ တွေခနဲ ဖြစ်သွားပြီး –

"မင်းက ဒီလမ်းပေါ် ရောက်သွားပြီပဲ"

လို့ ခပ်ဖွဖွလေး ရေရွတ်သံ ကြားလိုက်ရသည်။

ထိုနေ့က မိမိထံ ပါလာသော လူထုဒေါ်အမာ ကွယ်လွန်ခြင်း အမှတ်တရစာစုများ စာအုပ်လေးထဲတွင် ဆရာ တစ်ခုခုရေးပေးဖို့ တောင်းဆိုတော့ မဆိုင်းမတွ ရေးပေးလိုက်သည်။

> *"သရော်စာကို အထူးပြု လေ့လာတဲ့အခါ ဒေါ်ခင်မျိုးချစ်ဟာ အဓိကပညာရှင်အဖြစ် တွေ့ရတယ်။ နောက်ပြီး လူထုဒေါ်အမာ ကလည်း အဓိကပညာရှင်အဖြစ် တွေ့ရပြန်တယ်။ သရော်စာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ သိပ်ပြီး လေးနက်ကျယ်ပြန့်တယ်။ သိပ်ပြီး ကျေးဇူးတင်မိတယ်။ ဒါ သရော်စာကဏ္ဍတစ်ခုပဲ ရှိသေးတယ်။ လူထုဒေါ်အမာမှာ ကျေးဇူးတင်စရာတွေ အများကြီးရှိသေးတယ်။ ကျေးဇူးသိတတ်ကြဖို့လိုတယ်"*
>
> *လင်းဝေ*

၇၃ လမ်းမပေါ်ရှိ လက်ဖက်ရည်ဆိုင်လေး ရှေ့မျက်နှာစာတွင်ပင် ဆရာ့ကို လက်ဆွဲနှုတ်ဆက်ပြီး လမ်းခွဲခဲ့လိုက်ရသည်။ တက္ကသိုလ်ဦးတိုက်

mgyoe.com

mgyoe.com



လမ်းအတိုင်း ဆရာပြန်သွားသည်ကို မမှိတ်မသုံ ငေးမောကြည့်နေခဲ့လိုက်မိသည်။

(၄)

တလောက မန္တလေးတက္ကသိုလ်ဘက် ရောက်သွားရာ ဆရာတို့ကို ဖျတ်ခနဲ သတိရလိုက်မိသည်။ တကယ့်ကို လွမ်းလွမ်းဆွေးဆွေးကြီး သတိရလိုက်မိခြင်း။ ထို့ထက် ဆေးသားရဲရဲ ခြယ်သခွင့် မရခဲ့သော ထိုဆရာသုံးယောက်ကို သတိရလိုက်မိခြင်းလည်းဖြစ်သည်။

*ဆရာစိန်သီးဦး (၂၀၀၁)၊ ဆရာဦးစိန်ဝင်း (၂၀၀၇)၊*
*ဆရာဦးသန်းဆွေ (၂၀၀၉) ကွယ်လွန်သွားခဲ့ခြင်းများအပေါ်*
*အောက်မေ့တသချက်။*

■

မဟေသီမဂ္ဂဇင်းအထူးထုတ်၊ ဩဂုတ် ၂၀၀၉

mgyoe.com

mgyoe.com

# ရွှေလျှားသစ်လွင်

(၁)

တစ်နေ့က တီဗွီစင်ထဲတွင် အိပ်မောကျနေပြီဖြစ်သော အခွေထိုးစက် နှစ်လုံးကို ဆွဲထုတ်လိုက်ရတော့သည်။ သံယောဇဉ်စိတ်ဖြင့် တင်နေသော ဖုန်မှုန့်တို့ကို ကြက်မွှေးလေးဖြင့် ခါပေးလိုက်ရသေးသည်။ DVD အချပ်စက်ကတော့ ခါးထောက်လျက် တီဗွီစင်ထဲတွင် မျက်နှာထားတင်းတင်းဖြင့် နေရစ်ခဲ့သည်။

(၂)

အခွေထိုးစက်တစ်လုံးက အမေ့ထံမှ အမွေရလိုက်သည်ဟု ဆိုရမည်။ ထိုစက်မှာ ၂၂၀ ဗို့အားသုံး တိုရှီဘာအမျိုးအစား။ PAL/NTSC အခွေမရွေး ဖွင့်ကြည့်ရသည်။ မိမိက အိမ်ခွဲနေတော့မည်ဆို၍ အမေက ပေးလိုက်ခြင်းဖြစ်သည်။ သူ့ခေတ်သူ့အခါ ငါးသောင်းကျော်ကျော် တန်သည်။ ထိုစက်လေး အသုံးပြုလို့မှ တစ်နှစ်မရှိတရှိမှာ 'ဒိ'ဈေးကွက် ပေါ်လာသည်။ ၁၁၀ ဗို့အားသုံး လျှပ်စစ်ပစ္စည်းများ။

mgyoe.com

mgyoe.com


များကို သဲသဲမဲမဲ အရသာခံနေတတ်ကြပြန်သည်။ လှည်းအိုကြီးများရဲ့ နေရာမှာ လော်ရီကားတွေ ရောက်လာသည်။ သစ်ရွက်ခြောက်နှင့် မွှေးရသော မီးဖိုများနေရာတွင် မီးသွေးမီးဖိုများ ဝင်ရောက်လာသည်။ ရွက်လှွင့်နေသော ငါးဖမ်းလှေများအစား မော်တော်ဘုတ်များ ပေါ်လာသည်။ ဘွတ်ဖိနပ်အစား ရှူးဖိနပ်များ တွင်ကျယ်လာသည်။ အပြောင်းအလဲများပေါ်တွင် အာဃာတစိတ်နှင့် မွေးဖွားလာကြသည့် လူတို့သည် ခေတ်တစ်ခုထဲသို့ အတင်းတွန်းပို့ခြင်း ခံရသူများ ဖြစ်နေသည်။

တီထွင်မှုတွေကို တအံ့တဩ ဖြစ်နေရသည်။ အဟောင်းအပေါ် ခင်တွယ်နေသောစိတ်က အသစ်တွေပေါ်လာခြင်းကို မသိမသာ ကန့်ကွက်နေတတ်ပြန်သည်။ တစ်ဖက်ကလည်း ကျိတ်ပြီး ကျေနပ်နေရပြန်သည်။ ကုန်းအတက်တွင် ကြာပွတ်ဖြင့် ရိုက်နှက်မောင်းနှင်နေရသည့် နွားလှည်းထဲမှာ ထိုင်လိုက်ရခြင်းထက် မော်တော်ကားထဲမှာ လိုက်ပါသွားရခြင်းကို နှစ်သက်လာရပြန်သည်။ အသစ် အသစ်များ အစားထိုးလာသောအခါ အဟောင်း အဟောင်းတို့အပေါ် စိတ်လည်ချင်ပေမယ့် အပြောင်းအလဲက အဆုံးမှာ အနိုင်ရသွားပေတော့သည်။ ယခုအခါ သူသည် အခန်းတံခါး မကျပ်တော့ခြင်းအပေါ် တစ်ဝက်တစ်ပျက် ဝမ်းမြောက်စပြုနေပါပြီဟု ရသစာတမ်းက အဆုံးသတ်ထားသည်။

(၄)

ထိုနေ့မှာပင် ဖုန်ခါပြီးသား အခွေထိုးစက်နှစ်လုံးကို အိပ်ခန်းထဲရှိ ခုတင်ခြေရင်းတွင် ချထားလိုက်ရတော့သည်။

■

စံပယ်ဖြူမဂ္ဂဇင်း၊ ဒီဇင်ဘာ ၂၀၀၆

ရည်ညွှန်း – *မြသန်းတင့်* 'တကျွီကျွီမြည်နေသောတံခါး'
– Robert Lynd Creaking Door

mgyoe.com

mgyoe.com

# ပေရယ်(လ်)ဘွန်း

## (၁)

'သကြံန်လေညှင်းလုလင် မြူးရွှင်တော့လေ x x ပိတောက်တွေထုံတဲ့ ဝတ်မှုန် ဝတ်ဆံကြားတွေ x x ဝတ်ရည်ဆွတ်ဖြန်းလို့သာ x x ဖြတ် သန်းကာ ကြိုင်လန်းစွာ ငွေငန်းကို ကြိုလာပါတော့တယ်လေ x x'

တစ်နှစ်ပတ်လုံး မကြာခဏ ဖြတ်သန်းနေခဲ့ရသော ကျုံးဘေး လမ်းတစ်လျှောက်သည် မတ်လဆန်းပြီ ဆိုသည်နှင့် မြင်ကွင်းတစ်မျိုး ပြောင်းလဲစပြုလာပြီ။ စိမ်းရွှက်သစ်တို့ တဝေဝေဖြစ်စပြုလာသော ထနောင်း၊ ကုက္ကို၊ ရေတမာ(တည်)၊ ဗာဒံပင်တို့မှာ ကြည့်မြင်ရသူတို့အဖို့ ရင်ထဲမှာ လှိုက်ခနဲ သိမ့်ခနဲ ...။

မြူငွေ့များဖြင့် ပိတ်ဖုံးနေတတ်သော မန္တလေးတောင်တော် အလှကို မြင်လိုက်ရလျှင်လည်း အမည်တပ်မရနိုင်သော စိတ်ခံစားမှုတို့က

mgyoe.com

mgyoe.com



တလိပ်လိပ်။ ကြည်နူးစိတ်နှင့် ငယ်စိတ်တို့က ရှန်းကြွလာခဲ့ရပြန်သည်။ တစ်နှစ်...အမှတ်တမဲ့ ရိပ်ခနဲ ဖြတ်သန်းခဲ့ရသောသူတွေအဖို့ ကျိုးဘေး ပတ်လည် မြင်ကွင်းတချို့က လက်တို့ပေလိမ့်မည်။ သစ်သားချောင်း အတို အစ၊ ပေပါခွံများနှင့် ဗီနိုင်းစ အလှများက သင်္ကြန်ရောက်ပြီ၊ ဧပရယ် ရောက်ပြီဟု ဆိုနေကြသလိုလို။ အများမျှော်နေကြသော 'ပိတောက်'က တော့ မူရာမာယာ ပိုချင်ဟန်တူသည်။ သင်္ကြန်လက်ဆေးမိုး တစ်ပြိုက် လောက် ရွာပေးမှတဲ့။ မန်းသင်္ကြန်၏ ပြယုဂ်ဖြစ်သော ကျုံး၊ ပြအိုးပစ္စင်၊ ရေကစားမဏ္ဍပ်၊ အလှပြယာဉ်များ အစီအရီရှိနေကြသော်လည်း အဝါရောင် ရွှေရည် မပက်ဖျန်းနိုင်သေးသရွေ့ သင်္ကြန်ကျပြီဟု ဆိုရခက်လိမ့်မည်။

(၂)

'ပျော်ပါစေမယ် လာကွယ်အလှရယ် ရေပက်ခံမယ် x x ဖြိုးမြ ဖြိုးမြ တူနွဲပျော်မယ် x x
သင်္ကြန်ရေဆိုတာ အန္တရာယ်ကင်းတယ် ပက်စမ်း ခင်ရယ် x x ဖြိုးမြ ဖြိုးမြ နှစ်ကူးပျော်မယ် x x'

ဧပရယ်ရောက်ပြီဆိုတာနှင့် ဦးစွာ သတိရမိတတ်သည်က သင်္ကြန်ပင် ဖြစ်သည်။

သင်္ကြန်ရက်များက ဧပရယ်လထဲတွင် မလွဲမသွေ ဖြတ်သန်းကြရ သည်။ ငယ်စဉ်က သင်္ကြန်နားနီးလာပြီဆိုလျှင် စိတ်ထဲမှာ ရှုပိုးထိုးနေပြီ။ ဘယ် အပေါင်းအသင်းနှင့် ဘယ်လိုလည်ရပတ်ရဖို့အရေး စိတ်စောနေခဲ့ရ သည်။ ဂျစ်ကားနှင့် မလိုက်နိုင်သူမို့ စက်ဘီးလေးနှင့် ကျုံးပတ်ခဲ့ရသည်။ ရေစိုအလှများကို ငေးမောခဲ့ရသည်။ ငေးမောနေစဉ် ဘယ်ကပက်လိုက် သည်မသိ။ အေးခနဲ စိမ့်ခနဲ ဖြစ်သွားရသော ရေပက်သူလေးဘက် အကြည့်

mgyoe.com

mgyoe.com


က ဖျတ်ခနဲ ရောက်သွားရသည်။ ရေပိုက်ပေါင်းများစွာထဲမှ မျက်ဝန်း တစ်စုံ…။

ထိုနှစ်သကြ်န်က ထိုမဏ္ဍပ်လေးရှေ့မှာပဲ အချိန်ကုန်ခဲ့ရသည်။ အတက်နေ့ ညနေပိုင်းရောက်တော့ ထိုမျက်ဝန်းလေးနှင့် ခွဲရတော့မည် ဟူသော အတွေးက အကြီးအကျယ် နှိပ်စက်ခဲ့သည်။ တစ်နေကုန်နီးပါး စိုနေသော ခန္ဓာကိုယ်က အဖျားငွေ့ တစ်ချက်မသန်း။ မှောင်လုမှောင်လု ဖြစ်နေပြီ။ မကြာခင် မီးစများပင် ပွင့်လာခဲ့ပြီ။ သင်္ကြန်နောက်ဆုံးရက်မို့ ဘယ်သူကမျှ ရေပက်လည်း မငြိုငြင်ကြတော့။ ပက်စမ်းပါ၊ ပက်စမ်းပါ။ ရေပိုက်များမှ ရေလျော့သွားချိန်တွင် မျက်ဝန်းလေးထံမှ ပဝါစလေးတစ်စ ကတ္တရာလမ်းဘက် ကျလာသည်။ ရေစိုနေသော ပဝါစလေး…။

သင်္ကြန်ကာလများစွာ ဖြတ်သန်းခဲ့ပြီ ဖြစ်သော်လည်း ထိုနှစ် သင်္ကြန်က မျက်ဝန်းတစ်စုံနှင့် ပဝါစလေးတစ်စကို မေ့မရသည်မှာတော့ ဝန်ခံရပေမည်။

(၃)

'ပျော်ခင်းလေး သာပါဘိတယ် x x နိမိတ်ကောင်းယူမယ် နှစ်ဦး သကြ်န် တော်ဝယ် x x'

တစ်နေ့က လက်တစ်ဝါးစာ ဟောစာတမ်းစာအုပ်လေး ခဏ ဖတ်မိလိုက်သည်။ မိဿရာသီဖွား Aries …။

*'ဤရာသီကို ပိုင်စိုးသော အင်္ဂါဂြိုဟ် စစ်နတ်ဘုရား MARS ၏ တိုက်ပွဲအသီးသီးကို ဖြတ်သန်းရသကဲ့သို့ အခက်အခဲ အတိုက်အခံများကို ရင်ဆိုင်ရခြင်းရှိမည်။ ခက်ခက်ခဲခဲ ကျောက် တောင်ထိပ်ဖျား ကျောက်ဆောင်ကြားမှ မြက်ကို အာသီသထား*

mgyoe.com

mgyoe.com


*သော တောင်ဆိတ်တစ်ကောင်အလား လွယ်ကူသော အရာမှန်သမျှ စိတ်မဝင်စားဘဲ ဘဝနှင့်ရင်း၍ ရယူရသည့် အကြောင်းအရာများကိုသာ စိတ်စွဲအာသီသထားသော သူများဖြစ်လေရာ'*

ပေရယ်မှာ မွေးဖွားခဲ့သူများကို 'ပေရယ်ဘွန်း'ဟု ခေါ်လျှင် လှမည်ထင်သည်။ အန်ဒါဆင်း ပုံဝတ္ထုများ ရေးခဲ့သူ ဟန်းစ်ခရစ်ရှန်အင်ဒါဆင်၊ ပြင်သစ်စာရေးဆရာ အမ်မီလီဇိုလာ၊ Yale University တည်ထောင်ခဲ့သူ အယ်လီဟူးယေးလ်၊ အင်္ဂလိပ်လူမျိုး ကဗျာဆရာ ဝီလီယံဝါ့သ်၊ ဆရာဇော်ဂျီ၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၊ စာပေလူကြမ်းမင်းသား ဆရာအောင်သင်း၊ ဂျာနယ်ကျော်မမလေး၊ ဒေါ်သြဘာသောင်း၊ အဆိုကျော် ကိုမြကြီး... 'ပေရယ်ဘွန်း'များပင် ဖြစ်သည်။ သူ့နယ်နှင့်သူမှာ သူလိုကိုယ်လို မဟုတ်ခဲ့ကြသော ထိုပုဂ္ဂိုလ်များမှာ 'ပေရယ်ဘွန်း'များ ဖြစ်သည်ဟု သိလိုက်ရသည်နှင့် ပေရယ်လကို တိုးပြီး ချစ်ခင်သွားရသည်။ ပေရယ်လေညှင်းကို မြတ်နိုးသွားရသည်။

(၄)

'မြူမှောင်ဝေကင်း x x ငွေအဆင်းစန္ဒာပြည်ထောင် x x တိုင်းမြန်မြေငြိမ်းချမ်းအောင်ဆု သွန်းအခါရေ x x အေးစေကြောင်း လောင်းတဲ့လုံမေ x x ထူးထူးကဲကဲ လှကြပါစေ x x'

၁၉၈၄–၁၉၈၅ တစ်ဝိုက်နားတွင် 'သကြံန်မိုး'ဇာတ်ကား ရုံတင်သည်။ ကြိတ်ကြိတ်တိုး ကြည့်ခဲ့ရသည်။

တစ်နေ့ 'သကြံန်မိုးလည်ပြန်' တွေးမိတော့ မန်းသကြံန် နှစ်သက်ကြသူများ၏ အာရုံထဲမှာ ကိုငြိမ်းမောင် ရှိနေသည်။ ကိုလတ်ကြီး ရှိနေသည်။ ခင်ခင်ထားရှိနေသည်။ သက်ထွေးရှိနေသည်။ .........ရှိနေသည်။

mgyoe.com

mgyoe.com


သကြော်န်မိုး မတိုင်ခင်က မန်းသကြော်န်၏ ပင်တိုင်သည် ဝင်းဦး ဖြစ်သည်။ မိမိတို့ ဖြတ်သန်းခွင့်ရစ ပြုလာသောကာလတွင် 'သကြော်န်မိုး' နှင့် ပက်ပင်းတွေ့လိုက်ရသည်။ သကြော်န်မိုးထဲမှ ဇာတ်ဆောင်များဖြစ်သည့် နေအောင်၊ ခင်သန်းနု၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ မေသန်းနု၊ သီတာသိမ့်တို့သည် သကြော်န်၏ ပုံရိပ်များအဖြစ် မြင်တွေ့လာရသည်။

'သကြော်န်မိုး' ဇာတ်ကား ဖန်တီးခဲ့သူ ဒါရိုက်တာ မောင်တင်ဦး က –

*'သကြော်န်မိုးဇာတ်ကားဟာ မြန်မာလူမျိုးတွေရဲ့ Traditional ပွဲတစ်ခုကို မှတ်တမ်းတင် ရိုက်ကူးထားတာပါ။ Documentary ပေါ့လေ။ အဲဒီမှတ်တမ်းတွေကို Dramatize လုပ်လိုက်တာ'*

ဟု ဆိုခဲ့သည်။

သရုပ်ဆောင် နေအောင် (ကိုငြိမ်းမောင်) ကတော့ –

*'သကြော်န်မိုး အထူးပွဲကို မန္တလေးမှာပြတော့ ဆရာကြီးမြို့မငြိမ်းရဲ့ ဇနီးကိုယ်တိုင်က ဆရာကြီး မြို့မငြိမ်းနဲ့ တော်တော်နီးစပ်တယ် ဆိုပြီး သူတို့တောင် မျက်ရည်ကျကြတယ်'*

ဟု ဆိုခဲ့ပြန်သည်။ ထို့နောက်...

ဇင်ဝိုင်း (သက်ထွေး) က –

*'မြန်မာမှန်ရင် သကြော်န်နဲ့ ပိတောက်ကို ချစ်တတ်ကြပါတယ်။ သကြော်န်နဲ့ပတ်သက်တဲ့ အဖြစ်အပျက် ဇာတ်လမ်းလေးများလည်း ကိုယ်စီ ရှိတတ်ကြပါတယ်။ သကြော်န်ရေအေးရယ်၊ ပိတောက်ပန်း ရနံ့ရယ်၊ သကြော်န်ဒိုးသံရယ် ကြားရင် မြန်မာလူမျိုးတွေရဲ့ ရင်ဟာ အလိုလို ခုန်လာစမြဲပါ'*

mgyoe.com

mgyoe.com


ဟု ရင်ဖွင့်ခဲ့ပြန်သည်။ သေချာသည်ကတော့ နှစ်စဉ် သင်္ကြန်ရောက်တိုင်း 'သင်္ကြန်မိုး' ကို ပစ်ပယ်မရသည်မှာ သေချာပြီ။ Modern Classic Movie ဖြစ်နေပြီ။ မိမိကတော့ အတုမရှိကျောင်းတော်ကြီး လှေကားတက် အစပ်နားက မခို့တရို့ဟန်ဖြင့် ရပ်နေသော ခင်ခင်ထားနှင့် ချစ်မဝဟန်ဖြင့် ကြည့်နေသော ကိုငြိမ်းမောင်တို့၏ ရုပ်ပုံလွှာတို့ကိုသာ ဖျတ်ခနဲ ဖျတ်ခနဲ။

(၅)

'ဇာတိမျက်ခြယ် x x ကျွန်းမာပါစသက်လယ် x x သြော်...လောင်း ပါလေကွယ် x x ဟင် ... ပက်လိုက်တော့ကွယ် x x နှစ်ကူးတော့ မယ် x x ခင်ခင်ရယ် x x လိုက်ခဲ့ပါလား အပျင်းတော့ပြေမယ် x x မောင်တို့လာချေပေါ့ကွယ် x x ကညာမေကျော့ရယ် x x ငွေငန်း ထွက်လာတယ် x x'

မတ်လဆန်းပြီဆိုသည်နှင့် မြင်နေကျမြင်ကွင်းတချို့ ပြောင်းလဲ စပြုပြီ။ ရွက်နုသစ်တို့ ဝေစပြုလာသော ပင်ကြီးပင်ငယ်တို့မှာ သင်္ကြန်ကို မျှော်တတ်ကြပြီ။ မြူခြေဆိုင်းဆို့နေတတ်သော တောင်တော်ဘက် အကြည့် တစ်ချက် ရောက်သွားပြန်မိလျှင် စိတ်ထဲမှာ ကသိကရိ ဖြစ်ရပြန်သည်။

လက်တို့နေသော အပြောင်းအလဲ မြင်ကွင်းတွေကြောင့် မကြာမီ သင်္ကြန်ရောက်တော့မည်...။ ဧပရယ်ရောက်တော့မည်...။

ရင်ထဲမှာ နွေးခနဲ ဖြစ်သွားမှန်း သတိထားမိလိုက်သည်။

■

Icon မဂ္ဂဇင်း။ မေ ၂၀၀၉

*စာညွှန်း – မြန်မာသစ်ဂျာနယ်များ*

mgyoe.com

mgyoe.com

# စက်ကတုံးပင်ကြီးများအောက်မှ

## (၁)

အင်းဝဘက် မရောက်ဖြစ်တာ ကြာပြီ။ ကျောင်းသားဘဝတုန်းကတော့ မကြာခဏ သွားဖြစ်သည်။ ထိုစဉ်က အင်းဝသွားမည်ဆိုလျှင် အိုးတုတ္တန်းဆိပ်ကနေ ဇက်စီးပြီးမှ တစ်ဖက်ကမ်း အင်းဝသို့ ကူးကြရသည်။ ဇက်ပေါ်မှာ ကား၊ ဆိုင်ကယ်၊ စက်ဘီးနှင့် လူတန်းစားပေါင်းစုံ...။

ဇက်က ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကူးနေစဉ် ခရီးသည်တွေကတော့ ကိုယ့်အတွေးနှင့်ကိုယ်။ ဇက်စီးနေရင်း စစ်ကိုင်းတောင်ကို လှမ်းမြင်နေရ၏။ အင်းဝတံတားကို လှမ်းတွေ့ရ၏။ ဒုဋ္ဌဝတီနှင့် ဧရာဝတီ ပေါင်းဖက်နေကြသော နေရာကိုလည်း လှမ်းမြင်နေရပြန်၏။

ထို့နောက် တစ်ဖက်ကမ်းသို့ နီးလာလေလေ မယ်နုအုတ်ကျောင်း ဝါဝါ အပေါ်ပိုင်းကိုလည်း ပြောင်းခင်း၊ နေကြာခင်းတွေကြားမှ ခပ်ပျပျ လှမ်းမြင်နေရတတ်သည်။

mgyoe.com

mgyoe.com


ကျောင်းသားဘဝဆိုတော့ အတူပါလာသော သူငယ်ချင်းများနှင့် ပျော်လားဝါးလား။ ဇက်က ကုန်းပေါင်ထိုးလိုက်ရာ ဆိုင်ကယ်တွေနှင့် ဖုန်တလုံးလုံးတွေကြားထဲ သွားခဲ့ရသော ထိုစဉ်က 'အင်းဝ'ကို တစ်ခါတလေ လွမ်းနေမိတတ်သည်။ အင်းဝရင်ဘတ်ကျယ်ကြီးပေါ် ဖြတ်ပြီး မကြာမီ မယ်နုအုတ်ကျောင်းခြေရင်းသို့ ရောက်သည်။ အုတ်ကျောင်းကြီး အတွင်းသို့ ဝင်ကြည့်ဖြစ်ကြသည်။ ကြီးလည်းကြီး၊ ခိုင်လည်းခိုင်၊ ခံ့လည်း ခံ့။ အောက်သိုးသိုးအနံ့က လှိုင်နေသည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်မှုရနံ့....။

အုတ်ကျောင်းကြီးပေါ် သွားလာရင်း အုတ်ကျောင်းဆရာတော် ဦးဗုဓ် ကိုလည်း သတိရနေမိပြန်သည်။ ဆရာတော် ကျောင်းထိုင်စဉ်က အင်းဝနေပြည်တော်မှ ရဟန်းငယ်တို့ သီတင်းဝါလကျွတ်၍ စာဝါနား နေခိုက် ဦးဗုဓ်၏ အုတ်ကျောင်းသို့ ရောက်လာကြသည်။ စာကြည့်နေသော ဦးဗုဓ်ကိုဦးခိုက်ပြီး ပိပြားစွာ ထိုင်နေကြရာ ဦးဗုဓ်က...

*"ဘာကိစ္စ လာကြသလဲ"* မေး၏။

*"တပည့်တော်များ မရောက်ဖူး၍ အလည်လာကြပါသည် ဘုရား..."* ဟု လျှောက်ထားလေသော်...

*"အိမ်း...မရောက်ဖူးရင် မြင်းမိုရ်တောင်အထိ သွားကြပါလား ...အလကား အချည်းနှီး အချိန်ကုန်အောင် လှည့်လည်ဖြုန်းနေကြတယ်"* ဟု မိန့်ဆိုမြည်တမ်းသဖြင့် ရဟန်းငယ်များ ကြာရှည်စွာမနေဝံ့ဘဲ ဦးချကာ ပြန်သွားကြရသည်ဆိုသော ဖြစ်ရပ်ကိုလည်း သတိရနေမိပြန်သည်။

ထို့နောက် သူတို့တစ်တွေ နန်းမြင့်မျှော်စင်ဘက် သွားခဲ့ကြပြန်သည်။ မျှော်စင်အောက်ခြေမှာ ဖျောက်ဆိပ်ပင်စိမ်းနုလေးရှိသည်။ အရိပ်လေး ကောင်းသည်။ မျှော်စင်လေး ခပ်နွဲ့နွဲ့ရပ်နေတာကို သဘောကျနေမိခဲ့ကြသည်။ မျှော်စင်ပေါ်မှ ဖြန့်မိုးကြည့်လိုက်လျှင် အင်းဝဆိုတာ

mgyoe.com

mgyoe.com


တစ်ချိန်က မင်းနေပြည်တော်ပါလားဆိုသော အသိက ရင်ဝယ်ရိုက်ခတ်လျက်...။

ယခုအချိန်မှာတော့ မင်းနေပြည်တော်ထဲ ဝင်သူ၊ ထွက်သူတို့ကို မေးမြန်းစစ်ကြောမည့်သူလည်း မရှိတော့ပြီ။ မြို့ရိုးတွေပင် တချို့နေရာများ၌ ပျက်စီးစပြုချင်နေပြီ။ မြို့ရိုးအောက်ခြေတို့တွင်လည်း ချုံနွယ်ပိတ်ဖုံးလျက်ရှိချေပြီ။ တစ်ခါက စည်ပင်ဝပြောခဲ့သည်ဆိုသော ဘုရင့်ရွှေမြို့တော်ကြီးမှ ဟုတ်ပါလေစ။ ဗားကရာကျောင်း၊ ဘုတ်တလုတ်ကန်နှင့် ပန်းတွေဝေနေသော၊ ကောနေသော ကျုံးပတ်လည်ကိုလည်း မြင်တွေ့ခဲ့တာ ပြန်အမှတ်ရနေမိပြန်သည်။

(၂)

အင်းဝနှင့်ပတ်သက်ပြီး လွမ်းမိလွမ်းမောဖြစ်ရသော ဝတ္ထုတိုလေးတစ်ပုဒ်ရှိသည်။ ဆရာမြသန်းတင့်ရဲ့ 'နေဝင်စ ချိုးမရယ်ကူ' ဝတ္ထုမှာ အင်းဝသူ မေဇင်နှင့် သူချစ်ရသော မောင်တို့သည် မကြာခဏ အင်းဝသို့ လာတတ်ကြသည်။ ကျောင်းသူဘဝကရော၊ အိမ်ထောင်ကျပြီးဘဝရော အကြိမ်ပေါင်း၊ အခေါက်ပေါင်း မနည်း။ တံတားကြီးထိပ်ရှိ ဘတ်စ်ကားဂိတ်ရောက်လျှင်ပင် နန်းမတော်မယ်နုအုတ်ကျောင်း မြင်ရပုံကို...

*'အုတ်ကျောင်းသည် ကားလမ်းဘေးတွင် စီတန်းစိုက်ထားသည့် ကုက္ကိုပင်တန်းကြားတွေထဲက မကြာမကြာ ပြူစီပြူစီ ချောင်းကြည့်တတ်၏။ ပေါ်သွားလိုက်၊ ပျောက်သွားလိုက်နှင့်။ ကားဂိတ်ရောက်သည့်အခါတွင်မှ မယ်နုအုတ်ကျောင်းသည် သူ မပုန်းနိုင်တော့ဘဲ အမိခံလိုက်ရသည့် ကလေးငယ်လို သစ်ပင်ကြို သစ်ပင်ကြားမှ ထွက်လာ၏'*

mgyoe.com

mgyoe.com


အင်းဝသူ မေဇင်က 'အင်းဝ ထရိတ်မတ်'ဖြစ်သော မယ်နု အုတ်ကျောင်းအပေါ် စွဲလမ်းသောပုံရိပ်...။

မေဇင်တို့အိမ်မှာ မြို့လယ်ရှိ မဒရပ်အိမ်ကြီးဖြစ်သည်။ သူတို့ မျိုးရိုးက အစဉ်အဆက် ဝါးဖောင်အရောင်းအဝယ် လုပ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့အိမ်သည် ဝါးရေစိုသည့်အနံ့ အမြဲထွက်နေသည်။ ဝါရေစိုနံ့ကို မေဇင့်အဖို့ကတော့ ယဉ်ပါးနေခဲ့ပြီ။ အင်းဝကို အလည်အပတ် လိုက်လာခဲ့သော သူ့ချစ်သူ 'မောင်'ကတော့ စကားပြောရင်း နှာခေါင်းရှုံ့ချည်နှပ်ချည် လုပ်နေသည်။ ထိုအခါ မေဇင်က ဝါးရေစိုနံ့ဖြစ်ကြောင်း ရှင်းပြရသည်။ အင်းဝသူက သူ့ချစ်သူကို မယ်နုအုတ်ကျောင်းဘက် လိုက်ပို့ပေးသည်။ မယ်နုအုတ်ကျောင်း သွားရာလမ်းဘေး တစ်ဖက်တစ်ချက်တွင် သစ်ပင်အိုကြီးတွေ ပေါက်နေတာကို မြင်တော့ 'မောင်'က မေးသည်။

*"ဘာပင်ကြီးတွေလဲ မသိဘူးနော်...အပင်အိုကြီးတွေကြည့်ရတာ သနားစရာလိုလို...လွမ်းစရာလိုလို..."*

*"စက်ကတုံးပင်ကြီးတွေလေ...မေဇင်တို့ မမွေးခင်၊ မေဇင်တို့ အဖေတွေ မမွေးခင်ကတည်းက ပေါက်နေတာ...ဟို ရှေးခေတ် အင်းဝမြို့ကြီး ကောင်းစားစဉ်ကတည်းက ရှိခဲ့တာလားမှ မသိတာ"*

သမိုင်းဆရာဖြစ်သူ 'မောင်'ကတော့ တွေးတွေးဆဆနှင့်...

*"ဟုတ်ချင်ဟုတ်မှာပေါ့...အိုမင်းတဲ့အရာတိုင်းမှာ အတိတ်ရှိတယ် ...အတိတ်ရှိတဲ့ အရာတိုင်းမှာ လွမ်းစရာရှိတယ်...အင်းဝသူ*

mgyoe.com

mgyoe.com


*တွေ ညောင်ရေသွန်းပွဲတော်လုပ်တော့လည်း ဒီစက်ကတုံးပင်ကြီးတွေအောက်က ဖြတ်သွားကြမှာပဲ…တရုတ်သူရဲကောင်း ဂါမဏိနဲ့ မွန်သူရဲကောင်း သမိန်ဗရမ်းတို့ မြင်းကိုယ်စီနဲ့ စီးချင်းထိုးကြတော့လည်း ဒီစက်ကတုံးပင်ကြီးတွေနားမှာ ဖြစ်မှာပဲ…ရှင်ဘို့မယ်နဲ့ မင်းခေါင်တို့ ရေဆိပ်ဆင်းတော့လည်း ဒီစက်ကတုံးပင်ကြီးတွေအောက်က ဖြတ်ကြမှာပဲ"*

သမိုင်းဆရာဖြစ်သူ 'မောင်'ရဲ့ တွေးတွေးဆဆ ပြောစကားတွေကို အင်းဝသူ မေဇင်အဖို့ ကျေနပ်စရာချည်း။ ချစ်သူဘဝရောအိမ်ထောင်သည်ဘဝပါ သွားချည်ပြန်ချည်မို့ ဇက်ဆရာ၊ မြင်းလှည်းဆရာတို့ကပင် မေဇင်တို့ မောင်နှံကို ခင်နေကြပြီ။

*"မေဇင်တို့ ပြန်ကြတော့မလို့လား…"*

*"ပြန်တော့မယ် ဦးလေးရေ…ဟောဒီက တောသားကို နေပြည်တော် မမြင်ဖူးလို့ လိုက်ပြတာ"*

စက်ကတုံးပင်ကြီးပေါ်မှာတော့ ချိုးက ကူမြဲကူနေသည်။ မေဇင့်ရဲ့မောင်က ထိုချိုးကူသံကို တခုတ်တရ ပြောတတ်သည်။

*"ချိုးကူသံဟာ တော်တော်လွမ်းစရာကောင်းတယ်နော်…ဘာဖြစ်လို့လည်းမသိဘူး…ချိုးကူတဲ့ထဲမှာ လှိုက်လှဲဆွေးမြည့်သံပါနေတယ်လို့ ထင်ရတယ်"*

ချစ်သူ မောင်က စက်ကတုံးပင်ကြီးပေါ်က တနွဲ့နွဲ့ကူနေသော ချိုးကလေးကို ငေးကြည့်ပြီး ပြောတတ်သေးသည်။

*"သူ ကူနေတာ တစ်ကောင်တည်းရယ်…ချိုးမကလေးလားမသိဘူး…သူ့ချစ်သူ ချိုးဖိုပျောက်လို့ ကူနေတာဖြစ်မှာပေါ့…*

mgyoe.com

mgyoe.com



*အဲသလို ချိုးကူနေတာ မြင်တိုင်း ကြားတိုင်း 'နေဝင်စ ချိုးမရယ်ကူ တောသူမကလေး အဝေး' ဆိုတဲ့ ကဗျာကလေး သတိရတယ်...ချိုးကလေး ကျော့ကွင်းမှာမိပြီး နွားကျောင်းသားလက်ချက်နဲ့ ရင်ခွဲ မီးမြှိုက်ခံရလို့ ချိုးမကလေး လွမ်းပြီး ကူနေတာကလေးကိုချည်း သတိရနေတယ်"*

စက်ကတုံးပင်ကြီးတွေအောက် ဖြတ်လျှောက်တိုင်း ချိုးကူသံကြားရမြဲ။ ချိုးကူသံကြားလျှင် မောင်ကလည်း ထိုကဗျာလေးကို ရွတ်ပြမြဲ။ မေဇင်ချစ်ရသော 'မောင်'သည် အမှတ်မထင် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ အိမ်မရောက်ခင် မြင်းလှည်းဂိတ်နှင့် ဇက်ဆိပ်မှ ရင်းနှီးသူတွေက 'မေဇင် တစ်ယောက်တည်းလား' ဟု နှုတ်ဆက်ကြမည်။ အိမ်ရောက်လျှင် အဖေတို့၊ အမေတို့ကလည်း 'နင်တစ်ယောက်တည်းလား' ဟု မေးကြဦးမည်။ မေဇင် မည်သို့ဖြေရမည်မသိ။ စက်ကတုံးပင်ကြီးတွေပေါ်မှ ချိုးကူသံကလည်း တဖြည်းဖြည်း ဝေးသွားသည်။ မေဇင့်မျက်လုံးတွင် မျက်ရည်တွေ ရစ်ဝဲလာ၏။ ချစ်သူ 'မောင်' ဆိုပြခဲ့သည့် ကဗျာကလေးက ရင်ထဲတွင် ပဲ့တင်ရိုက်လာသည်။

*'နေဝင်စ ချိုးမရယ်ကူ...တောသူမလေး အဝေး'*

(၃)

အင်းဝဘက် မရောက်ဖြစ်တာ ကြာပြီ။

■

အလင်းတန်းဂျာနယ် (၄၉၅)၊ ဖေဖော်ဝါရီ ၂၀၀၈

mgyoe.com

mgyoe.com

# ပင်ဝါးရုံ

## (၁)

နာရီစင်အထက်နားရှိ 'ကာတစ်' တိုက်ထောင့်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ၂၆–ဘီလမ်းသည် အနက်ရောင်ဖျော့ဖျော့ ဖဲကြိုးစ,လေးတစ်စ ချထားသလို ခပ်လွန့်လွန့်။ ပိုက်ကျုံး၊ သင်္ဂဇာချောင်း၊ အလယ်ဘောင်၊ ပွဲကုန်း၊ ချမ်းသာကြီး၊ ပွဲကုန်း (၂၁ အ–ထ–က)၊ ယာဉ်ထိန်းရဲစခန်း၊ အမှတ် (၆) ရဲစခန်း၊ မြန်မာ့အသေးစား ချေးငွေရုံး၊ အကောင်းကြိုက် ကဖေး၊ သဘော်တန်း၊ ဆိုင်းတန်း၊ ငွေးချိုတိုက်၊ ဝင်းဝင်း ကားအသင်း၊ ဆင်တဲတိုက်ဟောင်း၊ လေးထပ်တိုက်၊ ဆင်တဲတိုက်သစ်၊ ဆိုင်းတန်း ရုပ်ရှင်ရုံ၊ မတန်ရင် ပန်းကန်ခွဲသွား၊ ဒေါက်တာစိန်မြင့်၊ ရွှေတချောင်း၊ ဈေးချို၊ နာရီစင်၊ ခန်းမ (၁)...။

တစ်ခါတုန်းက ထိုဖဲကြိုးစ,လေး ခပ်လွန့်လွန့်ပေါ်တွင် လူငယ်လေးတစ်ယောက် ဖြတ်လျှောက်ခဲ့ဖူးသည်။

mgyoe.com

mgyoe.com


## (၂)

ပြင်ဦးလွင်မှာမွေးပြီး ဖြတ်သန်းခဲ့ရသော နေ့ရက်တို့မှာ မိမိအဖို့ ခပ်ဝါးဝါး ပန်းချီကားတစ်ချပ်မျှသာ…။

၁၉၇၅ တစ်ပိုက်တွင် မန္တလေးရောက်လာသည်။ မြင်းခွာသံ တစ်ဖြောက်ဖြောက်က နရီစည်းချက်ညီစွာ မိမိကို ဆီးကြိုသည်။ စာဖတ် ဝါသနာကြီးသော အဘိုးက ဈေးဗွိစီ ကက်ဆက်နံဘေးတွင် ဇိနတ္ထပကာသနီ ကျမ်းစာအုပ်ကြီး ချပေးထားသည်။ ပျင်းပျင်းရှိလျှင် ထိုစာအုပ်ကြီးသာ လှန်လှောနေမိသည်။ သိဒ္ဓတ္ထ၊ ယသော်ဓရာ၊ အနာထပိဏ်၊ ရာဟုလာ၊ ရှင်မောဂ္ဂလန်၊ ရှင်သာရိပုတ္တရာ၊ ဇောတိက ရင်းနှီးနေရသော အမည်များ။

သရုပ်ဖော်ပန်းချီပုံများ ကြည့်လိုက်၊ နားလည်သလောက် ဖတ်လိုက်နှင့် မှတ်မိသည်လည်းရှိ၊ စွဲလမ်းသည်လည်းရှိ။ အဘိုးက ပြန်မေးတော့ အထစ်ထစ်အငေါ့ငေါ့ဖြင့် အမည်များ မှားပြော။ ကသောင်းကနင်းဖြစ်။ ရယ်ကျဲကျဲဖြင့် အဘိုး၏ အဆူအငေါက် ခံခဲ့ရသေးသည်။ စာပေဘက် စ,နင်းမိသော ခြေတစ်လှမ်းဟု ဆိုရမည်။

ထို့နောက် ပွဲကုန်း ၂၁ အ–ထ–က တွင် ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း ကျောင်းသားဘဝ၌ အတန်းတွင်း စာစီစာကုံးများ ဝင်ရေးသည်။ ဆု,မရသည်က များ၏။ ဆရာ တာတိုင်းမွှေးက ပန်းချီသင်ပေးတော့ စိတ်က ပန်းချီဘက် တိမ်းညွတ်သွားရပြန်၏။ လွတ်လပ်ရေးနေ့၊ အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲဝင်တော့လည်း သင့်ရုံအဆင့်သာ ရခဲ့သည်။ သေချာသည်က 'အနုပညာပိုး' စပြီဟု ဆိုနိုင်မည်။

တိပ်ခွေဇာတ်လမ်းခေတ်ဖြစ်၍ ညနေရောက်လျှင် ၂၆–ဘီလမ်း ပေါ်ရှိ 'ဖြူပြာ'တွင် သွားငှားရသည်။ မှတ်မိသေးသည်။ ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ မောင်ကြေးမုံ၊ တင်တင်နွဲ့။ ရုပ်မမြင်ရသေးသော်လည်း ကြားရသောအသံဖြင့် ကျေနပ်နှစ်ခြိုက်ခဲ့ရသည့်ဘဝ။ တစ်ဖက်မှ

mgyoe.com

mgyoe.com


လည်း စာဖတ်ချင်စိတ်က လှုံ့ဆော်လာသဖြင့် အိမ်တော်ရာဘုရား မြောက်ပေါက်ရှိ 'ရွှေဟင်္သာစာပေ'သွားပြီး စာအုပ်များကို အတန်ကြာ ငေးမော နေခဲ့ဖူးသည်။ မှန်ဗီရိုကြီးများထဲမှ စာအုပ်များက ကလူ၏သို့ မြူ၏သို့။

နောင်မှ ထိုစာပေပိုင်ရှင်နှင့် အဘွားတို့ အသိအကျွမ်းဖြစ်နေကြ၍ ငေးမောခဲ့ရသော မှန်ဗီရိုတံခါးများ ပွင့်သွားကုန်ကြတော့သည်။ ဖတ်ခွင့်ရပြီ။ စာကြီးပေကြီးတွေကို လှမ်းကိုင်ရလျှင် လူအထင်ကြီးမှာပဲဟူသော အတွေးက တွန်းတင်ပေးလိုက်သဖြင့် နားလည်လည်၊ မလည်လည် အတင်းဖတ်သည်။ အမှန်ဆိုရလျှင် နားမလည်ပါ။ နောက်ဆုံးတော့ 'သိုင်းဝတ္ထု' အတွဲများနှင့်သာ ညားရတော့သည်။ နောင် ဆက်တိုက်ဖတ်ဖြစ်တော့ 'သိုင်းဝတ္ထု' အတွဲများကို ငြီးငွေ့ပြီး အချစ်ဝတ္ထုများနှင့် ဖက်လှဲတကင်း ဖြစ်ရပြန်သည်။ အချစ်ဝတ္ထုများထဲမှ သျှားလက်ချို၊ ကိုရွှေသိမ်းမင်း၊ မောင်သာပြည့်၊ မြင့်မောင်မောင်...ထိုဝဲသြဃထဲမှ နောက်တစ်ဆင့်အဖြစ် မောင်ဝဏ္ဏ၊ မင်းလူ၊ မောင်စိန်ဝင်း(ပုတီးကုန်း)...။ ပြီးမှ ငြိမ်းကျော်၏ ဝတ္ထုများ ဆက်ဖတ်ဖြစ်သည်။

အင်မတန်မှ စကားပြေအရေးကောင်းသော ငြိမ်းကျော်ပင်တည်း။ ဝတ္ထုခေါင်းစီးများကပင် လွမ်းလောက်ပါသည်။ 'ပဌမမြောက် ဆောင်းရက်များ'ဖတ်ပြီး တစ်ပတ်လောက် ငူငူငိုင်ငိုင် ဖြစ်နေရသည်။ နှလုံးသားမြို့ဟောင်း တူးဖော်ချက် နောက်ဆုံးအစီရင်ခံစာ၊ အတိတ်လွင်ပြင်ကို ဖြတ်သန်းလာသော အကြင်နာမျက်နှာစိမ်း၊ မြောက်ပြန်လေတွင်တင်သော ကမ္ဗည်း...။ အမယ်လေးဟဲ့...ဝတ္ထုခေါင်းစဉ်တွေ ဖတ်ရမှတ်ရတာကိုက ပြဿနာ။ သို့ပေမယ့် ကိစ္စမရှိ။ ငြိမ်းကျော်ရဲ့ဝတ္ထုများကို စွဲပြီ။

ထို့နောက် မနီးမဝေးကာလမှာပင် မောင်သာရရဲ့ 'ကျဉ်တုပ်ခံဝံ့ မခံဝံ့'၊ တက္ကသိုလ်ဘုန်းနိုင်ရဲ့ 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်...'။ စာပေတောထဲ ဆက်တိုးပြီ။

mgyoe.com

mgyoe.com


(၃)

မိဘများက ဈေးချိုထဲတွင် ရေချိုကုန်ရောင်းဝယ်ရေးဖြင့် ရပ်တည်ကြသည်။ မိမိက ဆိုင်ဖွင့်ဆိုင်သိမ်း သွားသွားကူရသည်။ ထိုစဉ်က အဖေနှင့်အမေလည်း အတော်လေး ရုန်းကန်ခဲ့ရသည်။ သားဖြစ်သူက အဖေနှင့်အမေ အလစ်တွင် ဟိုနှိုက်ဒီနှိုက် နှိုက်ပြီး စာအုပ်တွေစုဖို့ နင်းကန်ဝယ်သည်။ တဖြည်းဖြည်းနှင့် အိမ်မှာက စာအုပ်စင်တွေ တစ်စင်ပြီးတစ်စင် တိုးတိုးလာသည်။

ဒေါင်းအိုးဝေ စာပေမှ ကိုဘုန်း၊ သုခမိန်စာပေမှ ကိုတင်ညွန့်တို့နှင့် ညီအစ်ကိုပမာ ရင်းနှီးခဲ့သည်။ အထူးသဖြင့် ကိုဘုန်းက မိမိကို အရွယ်ဝေးနေပေမယ့် တလေးတစား ဆက်ဆံခဲ့သည်။ မနက် ဆိုင်ခင်းပြီး အဖေရောက်လာလျှင် လမ်း၃၀မှ ဒေါင်းအိုးဝေစာပေသို့ ပြေးတော့သည်။ ကိုဘုန်းက ဆေးပေါ့လိပ်လေး လက်ကြားညှပ်ပြီး စိမ်းဝါကဖေးသို့ လိုက်လာသည်။ စိမ်းဝါတွင် ထိုင်ကြပြီး မိမိက သိလိုသမျှ ကိုဘုန်းအား မေးတော့သည်။ ဤသို့ဖြင့် အချစ်ဝတ္ထုများစွာ ဖတ်ဖူးခဲ့သော မိမိအား ကိုဘုန်းက "ရော့...ဒီစာအုပ် ဖတ်ကြည့်ကွာ...မင်းကြိုက်မှ အားပေး ...ဟုတ်လား"ဆိုပြီး နိုင်ဝင်းဆွေရဲ့ 'နွေတစ်ည' လက်ထဲထည့်ပေးလိုက်သည်။ 'နွေတစ်ည' ဖတ်ပြီးနောက်ပိုင်း အရင်က ဖတ်ခဲ့ရသော အချစ်ဝတ္ထုများ ဘယ်ဆီဘယ်ဝယ်ဟု ဆိုရမလား၊ ဒါမှမဟုတ် ခပ်ဝါးဝါးများ ဖြစ်ကုန်ကြသလား...စဉ်းစားစရာ။

တစ်ရက် ကိုဘုန်းက လက်မှတ်ထိုးပြီး စာအုပ်ပါးပါးလေး တစ်အုပ် လက်ဆောင်ပေးသည်။ ပန်းချီ ဦးအုန်းလွင်လက်ရာဖြင့်...။ တာရာမဂ္ဂဇင်းတဲ့။ ၁၉၄၇ တစ်ဝိုက်က ထွက်ခဲ့သော မဂ္ဂဇင်း။ ထိုမှစပြီး ဆရာဒဂုန်တာရာ၊ မြသန်းတင့်၊ ကျော်အောင်၊ မန်းတင်တို့ ဆက်ဖတ်ရကောင်းမှန်း 'အသိ'တိုးလာရသည်။ တာရာမဂ္ဂဇင်း လက်ဆောင်ပေးခဲ့သော ဒေါင်းအိုးဝေ ကိုဘုန်းတစ်ယောက်လည်း ကွယ်လွန်သွားခဲ့ပြီ။ ထို့နောက်

mgyoe.com

mgyoe.com


၈၄ လမ်းမပေါ်တွင် အနောက်ဘက်မျက်နှာပြု ဖွင့်ခဲ့သော ဥတ္တရလွင်ပြင်မှ ကိုသန်းဌေး။

ဥတ္တရလွင်ပြင်သွားလျှင် စာရေးဆရာ ဆိုသူများနှင့် ဝင်တိုးလုမိမတတ်။ ဘုန်းမြင့်(မန္တလေး)၊ ဝင်းစည်သူ၊ ကျော်စွာထက်တို့ကို အဝေးမှ လှမ်းငေးခဲ့ရဖူးသည်။ သူတို့လို 'စာရေးဆရာ' ဖြစ်ချင်စိတ်ကလည်း ကိန်းအောင်းလာခဲ့ရသည်။

၁၉၈၈–၈၉ ကာလမှာ ရန်ကုန်ကို သူငယ်ချင်း မြင့်ဝေနှင့် ဆင်းဖြစ်ဖို့ အကြောင်းဖန်လာသည်။ ထို့ကြောင့် ကိုသန်းဌေးထံမှ မိမိ သွားတွေ့ချင်သော စာရေးဆရာများ၏ လိပ်စာများ တောင်းခဲ့သည်။ ပြီး…ရန်ကုန်ဆင်းဖြစ်ခဲ့ကြသည်။ တစ်ပါတည်း ထိုစာရေးဆရာများ၏ စာအုပ်များပါ ထည့်ယူလာခဲ့ကြသည်။ ဆရာများထံမှ အမှတ်တရ လက်မှတ်ထိုး တောင်းမည်ဟူသော အတွေးဖြင့်…။

အင်းစိန် ပေါက်တောရပ်မှ ဆရာငြိမ်းကျော်နှင့် သွားရောက်တွေ့ဆုံသည်။ ဆရာက ရင်းရင်းနှီးနှီးပင် ဧည့်ခံစကားပြောဆိုပြီး ဖတ်သင့်ဖတ်ထိုက်သော စာအုပ်များပါ ညွှန်းလိုက်သည်။ ထို့နောက် စမ်းချောင်းရပ်၊ ဖျာပုံလမ်းမှ ဆရာမြသန်းတင့်ထံ ရောက်သည်။ ဆရာက သူ စာရေးနေသည့်ကြားမှ တိုက်အပေါ်ထပ်က ဆင်းလာပြီး စကားစမြည်ပြောသည်။ လူငယ်များကို ထိုက်ထိုက်တန်တန် နေရာခင်းပေးလိုက်ခြင်းဟု ခံစားခဲ့ရသည်။

ပြီး…မော်ဘီ ဘောလုံးစက်ရုံဝင်းထဲတွင် မိမိကိုယ်ကို မဲဇာသို့ ပို့ထားသော ဆရာဒဂုန်တာရာ့ထံသို့ သကြန်ရေစက်များကြားထဲမှ သွားဖြစ်ခဲ့ကြသည်။ မိမိတွေ့တော့ ဆရာ့အသက်က ခုနစ်ဆယ်တစ်ပိုက်။ ငွေရောင်ဖြူလွှ ဆံနွယ်များက ပခုံးနှစ်ဖက်ပေါ် နွဲ့ကျနေသည်။ အမြင်အာရုံ မကြည်လင်တော့ပေမယ့် တွေးခေါ်မြော်မြင်မှုဘက်မှာ စူးရှထက်မြက်လှသည်။

mgyoe.com

mgyoe.com



ထိုစဉ်က 'တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ' ဆက်ရေးနေသည်ဟု ဆရာပြောပြခဲ့သည်။ ခေတ်တွေကို ပိုင်းခြားပြီး အတွဲလိုက်၊ အတွဲလိုက် ဆက်ရေးမည်ဟု ဆရာက ထပ်ပြောသည်။ မိမိက ဆရာ့ရဲ့ 'အောင်ဆန်း (သို့) အရိုင်း' ဖတ်ထားပြီးအခံက ရှိနှင့်၍ သိလိုသမျှမေးဖြစ်သည်။ ထိုကာလမှာ ထိုဆရာသုံးယောက်ထံ သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ပြီး မန္တလေး ပြန်ခဲ့ကြသည်။

(၄)

'ပင်ဝါးရုံ ကဖေး'...။

ဝါးရုံပင်များက လေသိမ်းတိုင်း နွဲ့လျက်။ မိမိတို့စကားဝိုင်းက ဝါးရုံပင် အရိပ်ပြောက်တိပြောက်ကျားအောက်တွင် ထိုင်ပြီး ဆေးပေါ့လိပ်ဖွာသူကဖွာ၊ လက်ဖက်ရည်တစ်ကျိုက် မော့သူကမော့။ ဂေါ်ရာကုန်းတွင် နေသော ဆရာမောင်စိန်ဝင်း (မြန်မာစာနည်းပြ) က မိမိကို စာပေဘက်ဝါသနာကြီးမှန်းသိ၍ မောင်ခင်မင် (ဓနုဖြူ) ပြုစုထားသော 'စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ'စာအုပ် လက်ဆောင်ပေးသည်။

မန္တလေးတက္ကသိုလ် မြန်မာစာအထူးပြု တက်ရောက်တော့မည့်မိမိက ဆရာ့အား တက္ကသိုလ်နှင့်ပတ်သက်၍ သိလိုသမျှမေးသည်။ စာထဲမှာ ဖတ်ခဲ့ရသော တက္ကသိုလ်များနှင့် တူမတူ။ ရင်ခုန်သံစည်းချက် ညီမညီ။ လောလောဆယ် ဖတ်ဖြစ်နေသော မြသန်းတင့်ရဲ့ 'လွမ်းမောခဲ့ရသောတက္ကသိုလ်နွေညများ' ထဲမှ အင်ဒရူးအဲလီယော့၊ ဂျေဆန်ကီးလ်ဗတ်၊ သီယိုဒိုလင်းဗရိုစ်တို့အကြောင်း ပြောပြမိတော့ ဆရာမောင်စိန်ဝင်းက ပါးချိုင့်လေးပေါ်အောင်ရယ်ရင်း "အဲဒီ ဝတ္ထုထဲက ခံစားမှုတွေကို...မင်း ဒီစားပွဲမှာပဲထားခဲ့ပါကွာ..." ဟု ပြောသည်။ ထိုစဉ်က ဆရာပြောခဲ့သော စကားရပ်အပေါ် မိမိ ကောင်းစွာနားမလည်ခဲ့။ စာပေအပေါ် မြတ်နိုးစိတ်အခံဖြင့်

mgyoe.com

mgyoe.com


တက္ကသိုလ်ဆရာ၊ ဆရာမ များသည်လည်း ဖတ်ခဲ့ဖူးသော တက္ကသိုလ် နောက်ခံ ဝတ္ထုများထဲမှ ဇာတ်ဆောင်များလိုပဲဟု စိတ်ထဲ ထင်နေခဲ့မိသည်။ ထိုစိတ်ဖြင့် အရမ်းတက်ကြွနေခဲ့ရသည်။

မြန်မာစာအဓိကယူတော့ ဆရာစိန်သီးဦး၊ ဆရာဦးသန်းဆွေတို့နှင့် ရင်းရင်းနှီးနှီး ဖြတ်သန်းခဲ့ရသည်။ ဆရာဦးတင်မြင့်က တွဲ/ပါမောက္ခ။ မိမိတို့က ဆန္ဒရှိရာလုပ်ကြတိုင်း ဆရာဦးတင်မြင့်က ခေါ်ခေါ်ကြိမ်းသည်။ ဆရာ့ကြိမ်းသံက ချစ်စနိုးသံစွက်သည်။ 'စာ'လုပ်ချင်သော တပည့်များကို ဆရာတစ်ယောက် များစွာ နားလည်ပေးခဲ့ပါသည်။ မဟာဝိဇ္ဇာတန်းတက်မည့်သူက ဘေးရောက်ရောက်သွား၍ ဆရာ အတန်တန် သတိပေးခဲ့ဖူးသည်။ သို့ပေမယ့် မိမိရဲ့ဖေးဘရိတ်က 'စာပေလောက'။

ဤသို့ဖြင့် တက္ကသိုလ်နှင့်ဝေးခဲ့သည်။ တက္ကသိုလ်နှင့်ဝေးခဲ့ပြီးနောက်ပိုင်း ဘဝရပ်တည်မှုအဖြစ် အရောင်းအဝယ်လောကတွင် ခြေချလိုက်သည်။ တစ်ဖက်မှလည်း စာဖတ်မပျက်။ တက္ကသိုလ်ကျောင်းသားဘဝက ဆရာစိန်သီးဦးနှင့် မကြာခဏ ဆွေးနွေးဖြစ်ခဲ့သော စာအုပ်များရဲ့ 'အမှာစာ' တွေအကြောင်း အတွေးထဲမှာ အစဉ်သဖြင့် ရှိနေခဲ့သည်။

စာအုပ်တစ်အုပ်ရဲ့ရှေ့မှ 'အမှာစာ'များသည် အမြဲတမ်း မျက်နှာငယ်ရသည်။ 'အမှာစာ'တွေအကြောင်းကို တခုတ်တရပြောသူမရှိ၊ နေရာပေးသူမရှိ။ မိမိကတော့ လက်လှမ်းမီသလောက် ဖတ်ခဲ့ရသော 'အမှာစာ' များကို စုစည်းပြီး စာတမ်းငယ်တစ်စောင် ရေးသားပြုစုချင်စိတ် ပေါ်လာသည်။ ရင်ထဲမှအခံကို 'ဧရာဝတီရေဆန်'က လှုပ်နှိုးလိုက်သည်။ 'ဧရာဝတီရေဆန်'ပွဲတွင် 'အမှာမုခ်ဦး' စာတမ်းငယ် ဖတ်ဖြစ်ခဲ့သည်။ ထိုစာတမ်းငယ်ဖြင့်ပင် မေလ (၂၈) ရက်၊ ၂၀၀၆ ခုနှစ်တွင် 'ရွှေအမြုတေ စာပေဆု (ဆောင်းပါး)' ရရှိခဲ့သည်။ မိမိရင်ထဲတွင် အနှစ်နှစ် အလလက စုဆောင်းခဲ့ရသော စာပေမှတ်စုများမှ 'ရွှေ' ဖြစ်လာခဲ့ရခြင်းပင်။

mgyoe.com

mgyoe.com


(၅)

အဘိုး၊ အမေ၊ ဒေါင်းအိုးဝေ ကိုဘုန်း၊ ဆရာစိန်သီးဦး၊ ဆရာဦးသန်းဆွေ၊ ဆရာမောင်စိန်ဝင်း (ဂေါ်ရာကုန်း)၊ ဆရာငြိမ်းကျော်၊ ဆရာမြသန်းတင့်၊ ဘဘကြီး၊ သူငယ်ချင်း မြင့်ဝေ...သူတို့တစ်တွေ မရှိကြတော့ပြီ။

၂၆–ဘီလမ်းသည် အနက်ရောင် ခပ်ဖျော့ဖျော့ ဖဲကြိုးစလေးချထားသလို ခပ်လွန့်လွန့်။ တစ်ခါတုန်းက ...ထိုဖဲကြိုးစလေးပေါ်တွင် လူငယ်လေးတစ်ယောက် ဖြတ်လျှောက်ခဲ့ဖူးပါသည်။

■

မန္တလေး အနှစ် ၁၅၀ ပြည့် မဂ္ဂဇင်း၊ မေ ၂၀၀၉

mgyoe.com

mgyoe.com

# ဟယ်လို… ရန်ကုန်

## (၁)

မြို့တစ်မြို့နှင့် အကျွမ်းတဝင်ဖြစ်ဖို့ဆိုတာ အဓိက အခြေခံ အချက်က ယင်းမြို့တွင် ကိုယ့်ဆွေမျိုးသားချင်း ရှိနေရမည်။ ရှိကိုရှိနေရမည်။ ဆယ်တန်း ပထမတစ်နှစ်ကျပြီး ဒုတိယနှစ် ပြန်ဖြေဖို့ စိုင်းပြင်းနေစဉ်ကပင် 'ရန်ကုန်'သို့ အလည်တစ်ခေါက် ရောက်ချင်စိတ်က ပြင်းပြနေခဲ့ရပြီ။ ရန်ကုန်…ရန်ကုန်ဟု နှုတ်မှ တဖွဖွ ရေရွတ်ရင်း တမ်းတနေမိခဲ့သည်။ မရောက်ဖူးသည်တော့ မဟုတ်။ ဟိုးခပ်ငယ်ငယ် ကလေးဘဝတုန်းက ရောက်ခဲ့ဖူးသော်လည်း 'ရန်ကုန်'၏ အရသာ တစ်စက်ကလေးမျှ မရရှိဖူးခဲ့။ ကလေးဆိုတော့ ကလေးတွေး၊ ကလေးမြင်သာ

mgyoe.com

mgyoe.com


ရှိခဲ့မည်။ အခုလိုအရွယ်ရောက်လာ၊ ပတ်ဝန်းကျင်ကို မြင်တတ်လာခါမှ 'ရန်ကုန်' မြေပေါ် ခြေမချနိုင်သေးသည်ကို ကြိတ်မနိုင်ခဲမရ ဖြစ်နေရသည်။ ခက်သည်က ကိုယ့်ဘက်မှ မိဘနှစ်ပါးအပေါ် တာဝန်မကျေ ဖြစ်နေသည်မို့ 'နေသေးသပ' ဟု ကြုံးဝါးထားနေရသည်။

(၂)

လေထန်ကုန်းဝတ္ထု ပြဋ္ဌာန်းသော စနစ်သစ် စာသင်နှစ်တွင် ဆယ်တန်းကို လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ခဲ့ပြီ။ ၁၉၈၆–၈၇ ခုနှစ်တွင် မိဘနှစ်ပါးထံမှ ခရီးစရိတ်တောင်းပြီး 'ရန်ကုန်'သို့ ထွက်ဖြစ်ခဲ့လိုက်သည်။ ညနေရထားစီးပြီး မန္တလေးမှဆင်းခဲ့ရာ မနက်မိုးလင်းစတွင် ကွမ်းခြံကုန်းဘူတာသို့ ရထားဆိုက်သည်။ ကိုယ်က ရောက်ချင်ဇောကပ်နေသူမို့လားမသိ။ ပဲခူးဘူတာ ဖြတ်ကတည်းက နိုးနေခဲ့ရပြီ။ ပဲခူးနှင့်ရန်ကုန် ခုတ်မောင်းနေသော ရထားပေါ်မှာပင် မနက်ခင်းအလှကို အပြည့်အဝ ခံစားခွင့်ရခဲ့ပြန်သည်။ ရထားက တငြိမ့်ငြိမ့်၊ တချို့ရထားစီးခရီးသည်များ နိုးပင်မနိုးကြသေး။ ကိုယ့်ဘေးမှ မှန်ပြတင်းကို မ,တင်၍ နံနက်ခင်းလေကောင်းလေသန့်ကို ရှူရှိုက်လိုက်ရသည့်အရသာမှာ ဖော်ပြခြင်းငှာ မစွမ်းသာခဲ့ပေ။ ရန်ကုန်ဘက် နီးလာလေလေ ကိုယ့်မှာ ရင်ခုန်ရလေလေ။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော ဆွေမျိုးများကို စိတ်ထဲမှ အောက်မေ့ပြီး မှန်းဆနေရပြန်သည်။

ဂျပ်...ဂျပ်...ဂျပ်...ဂျပ် ဆိုသည့် ရထားတွဲအောက်မှ လွင့်ပျံတက်လာသော အသံကလည်း တစ်မျိုးတစ်ဖုံ အရသာ။ ဗျိုင်းဖြူဖြူလေး

mgyoe.com

mgyoe.com


တွေ ပျံသန်းသွားနေတာကိုလည်း မြင်နေရသည်။ ပြီးတော့ ဟိုး...ခပ်လှမ်းလှမ်းမှ ကွင်းပြင်ကျယ်ထဲတွင် အထီးတည်း ရပ်နေရရှာသော ခရစ်ယာန်ချာ့ချ် (ဘုရားကျောင်းလေး) ကိုလည်း လှမ်းတွေ့လိုက်ရသေးသည်။ လေးထောင့်ကန် ဘူတာလေးကို တဝေါဝေါ ဖြတ်ကျော်ခဲ့လျှင်ပင် လူမှာ မရိုးမရွဖြစ်နေရပြီ။ ခေတ်က မြန်မာ့ဆိုရှယ်လစ်အစိုးရခေတ်မို့ ထိုခေတ်က နာမည်ကျော် ရန်ကုန်မြို့အဝင်က တပြန့်တပြောကျယ်လှပြီး တောင်ကုန်းတမျှ မြင့်မားနေပြီဖြစ်သော 'အမှိုက်ပုံကြီး'ကိုလည်း ကိုယ့်မှာ တအံ့တဩ။ ဟုတ်၏ မဟုတ်၏ တော့မသိ။ ထို 'အမှိုက်ပုံကြီး'ကို ဂျပန်နိုင်ငံမှ ဝယ်ယူဖို့ ကမ်းလှမ်းခဲ့သည်ဆိုတာပင်။ ကိုယ့်ဘက်က နည်းပညာ၊ အတတ်ပညာ ချို့တဲ့နေတော့ နည်းပညာ၊ အတတ်ပညာ ပြည့်ဝကုံလုံသည့် နိုင်ငံက 'အမှိုက်ထဲမှ ရွှေထုတ်ဖို့'များလားဟု နောင်မှ တွေးကြည့်မိရသည်။

မလွကုန်းဘူတာဖြတ်တော့ ရထားက Slow Down ဖြစ်သွားပြီ။ ကိုယ်က စာဖတ်ဝါသနာပါသူမို့ မလွကုန်းဘူတာတစ်ဝိုက် လှမ်းကြည့်ရင်း ဒီနေရာများလား၊ စုံထောက်မောင်စံရှား ဆင်းသွားတာဆိုပြီး တွေးမိခဲ့ဖူးသည်။ ရန်ကုန်ဘူတာကြီးဆိုက်တော့ ခရီးသည်တွေက ပျားပန်းခတ်၊ လှုပ်လှုပ်ရွရွ၊ အသံတွေ...အသံတွေ...။ မြောက်ဥက္ကလာပမှာနေသည့် ဆွေမျိုးတွေရဲ့အိမ်သို့ သွားဖို့စဉ်းစားရင်း ရထားပေါ်မှဆင်းခဲ့သည်။ ရန်ကုန်နံနက်ခင်းက ကိုယ့်ကို ပွေ့ကြိုလိုက်ပြီ။

mgyoe.com

mgyoe.com


(၃)

ဘူတာကြီးမျက်နှာစာရှေ့ရပ်ပြီး မျက်နှာချင်းဆိုင်က အောင်ဆန်းအားကစားကွင်း၊ သမ္မတရုပ်ရှင်ရုံဘက်သို့ အကြည့်က ဆိုက်သည်။ တက္ကစီကားဆရာတွေက လာ...လာ...ဆွယ်သည်။ ညီလေး ဘယ်သွားမှာလဲ ပြောပါ။ လမ်းကြုံတွေစုပြီး တင်လို့ရတယ်နော်။ ဘာညာ၊ ဘာညာ။ ကိုယ်က လက်ကာပြပြီး 'ရန်ကုန်အရသာ'ကို စတင်ခံစားနေလိုက်မိသည်။ ကားဆရာတချို့ ကိုယ့်အနားက ဖယ်ခွာသွားကြမှ လိုရာခရီးဆက်ဖို့ ခြေလှမ်းကို စရွှေ့လိုက်ရသည်။

မန္တလေးကတည်းက ရန်ကုန်ရောက်ရင် ဆူးလေတစ်ဝိုက်သာ ရောက်အောင်သွားဆိုသည့် အမှာစကားအရ ဆူးလေဘက် စိုက်ဆင်းခဲ့လိုက်သည်။ အများစုကတော့ သုတ်သုတ်ပျာပျာနှင့် လိုရာခရီးဆက်ကြပြီ။ ကိုယ်ကတော့ 'ရန်ကုန်အရသာ'ခံစားချင်သူမို့ ဖြည်းဖြည်းနှေးနှေးသာ။

သမ္မတရုံဘက်မှ ဆူးလေ ဦးတိုက်လမ်းအတိုင်း လမ်းလျှောက်ဆင်းလာရင်း 'ကပ်ကျော်ဘုရား'ဖြစ်သည့် ဆူးလေစေတီတော်မြတ်အား လက်အုပ်ချီပြီး အာရုံပြုလိုက်ရသည်။ ရန်ကုန်နံနက်ခင်းက သိပ်မရှုပ်ထွေးသေးဘဲ အေးအေးမြမြ။ ဆူးလေတစ်ဝိုက်ရောက်တော့ မြောက်ဥက္ကလာဘက်သွားမည့် ဘတ်(စ်)ကားပေါ်မတက်သေးဘဲ 'ရန်ကုန်မုန့်ဟင်းခါး' စားဖို့ ဦးစွာ စိုင်းပြင်းလိုက်သည်။ စားကိုစားမှဖြစ်မည်။ ဘာလို့လဲဆိုတော့ 'ရန်ကုန်မုန့်ဟင်းခါး'က 'မန္တလေးမုန့်ဟင်းခါး'နှင့် လားလားမျှ မတူသောကြောင့်ပင်။ အမိက,က ရန်ကုန်မုန့်ဟင်းခါးအပေါ် တပ်မက်ရခြင်းမှာ 'ငါး'နိုင်သောကြောင့်ပင် ဖြစ်သည်။ ဘူးငါးဖယ်နဲ့ စားမလား။ ငါးဖယ်

mgyoe.com

mgyoe.com


ဘဲဥနဲ့ ဝါးမလား။ ဒါမှ မဟုတ် 'အစုံ'ကြိတ်မလား။ တွေးရင်းပင်
သွားရည်ကျချင်သလိုလို။

'ရန်ကုန်မုန့်ဟင်းခါး'စားပြီးမှ 'ရန်ကုန်နံနက်ခင်း'က ပြည့်စုံ
သွားရတော့သည်။ ကားဂိတ်ဘက်သွားပြီး မြောက်ဥက္ကလာပကားပေါ်
တက်လိုက်သည်နှင့် ကိုယ့်မှာ 'ရန်ကုန်သား'ယောင်ယောင် ဖြစ်သွားရပြီ။
သေချာသည်က ရန်ကုန်ရောက်လျှင် လမ်းနာနာလျှောက်ရမည်။ ကားတိုး
စီးရမည်။ ဒါမှ 'ရန်ကုန်အရသာ'။ မှတ်တိုင်ပါလျှင် ရပ်၊ မပါလျှင်
မောင်းဖြင့် ကမ္ဘာအေးသို့ရောက်သည်။ သင်္ဂါယနာတင်ရာ လိုဏ်ဂူတော်
မြတ်ကိုလည်း ရိပ်ခနဲ မြင်လိုက်ရပြန်သည်။ သို့ဖြင့် မြောက်ဥက္ကလာပသို့
ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရပြီ။ မညီမညာ မြေလမ်းသွယ်လေးထဲသို့
ဖဲ့ဆင်းလိုက်ပြီး သုမိတ္တာလမ်းသွယ်ထိပ်နားမှ လူတချို့အား ခဏမေးမြန်းရ
သေးသည်။ မေးနေစဉ်မှာပင် အပေါ်ပိုင်း ဗလာကျင်းဖြင့် ဘောင်းဘီတိုကြီး
ဝတ်ထားသော တရုတ်ကြီးတစ်ယောက် အနီးခြံထဲက ထွက်လာရာ ကိုယ်
မေးသည့်သူက ထိုတရုတ်ကြီးအား လှမ်းအော်ပြောသည်။

"ဒီမှာ ဒီမှာ…မန္တလေးကတဲ့"

ထိုတရုတ်ကြီးက ကိုယ့်ကို ဇဝေဇဝါဖြင့် လှမ်းကြည့်နေသေး
သည်။ ပြီးမှ အိမ်ဝိုင်းထဲသို့ ပေါက်ဖော်သံကြီးဖြင့် 'မင်းဒလေး ကတဲ့'ဟု
အသံလှမ်းပြုရာ သူ့ပုံစံတူ အမျိုးသားနှစ်ဦး ထပ်ထွက်လာပြန်သည်။
သူတို့ထဲက တစ်ဦးကိုမြင်မှ ကိုယ်လည်း အားတက်သွားရသည်။

"ကိုသင်းကြိုင်" ဟု လှမ်းခေါ်လိုက်မှ

"ဟေး…ဇော်ဇော်" ဟု ပြန်အသံပြုသည်။

mgyoe.com

mgyoe.com


ဤသို့ဖြင့် ထိုတရုတ်မိသားစုဝင် အိမ်ထဲသို့ မန္တလေးသား ခပ်မည်းမည်းတစ်ကောင် ရောက်သွားခြင်းဖြင့် ‘ရန်ကုန်အရသာ’က ထပ်တိုးလာရပြန်သည်။

■

Hello ဂျာနယ် ၂/၂၁၊ စက်တင်ဘာ ၂၀၁၀

mgyoe.com

mgyoe.com

# အတွေးဖိတ်စာ

(၁)

တစ်နေ့က အိမ်ပြန်ရောက်တော့ ဖိတ်စာလေးတစ်စောင်က မိမိကို ဆီးကြိုနှင့်သည်။

(၂)

တကယ်တော့ 'ဖိတ်စာ'သည် မေတ္တာစာ နယ်ပယ်အတွင်း၌ အကျုံးဝင်သည်ဟု ဆိုကြသည်။ ယူဆချက်တချို့က ပုဂံခေတ်ကတည်းက ရှိနေပြီဟု ဆိုပြန်သည်။ ထင်ရှားသည်က အင်းဝခေတ်၊ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ထံ ဆက်သွင်းသည့် စကြိုသူမြတ်၏ မေတ္တာစာပင်ဖြစ်သည်။ ထို့နောက် စလေဦးပုညခေတ်အရောက်တွင် ရှင်ပြုဖိတ်စာ၊ တရားနာဖိတ်စာ၊ ဘုန်းကြီးပင့်စာ၊ အလှူခံစာ၊ ကြော်ငြာစာ...။ အထူးသဖြင့် စလေဦးပုည၏

mgyoe.com

mgyoe.com


မေတ္တာစာများသည် အကြောင်းအရာအားဖြင့် စုံလင်ကြသည်။ ဥပမာ– လက်ဖက်မေတ္တာစာဆိုလျှင် ကြော်ငြာသဘောဘက် ကဲသည်။

'ပဒုမာပွင့်ချပ်မှ၊ ဥပပတ်ကြာဝတ်သူ
ဟန်ယူ၍ ထွက်သကဲ့သို့၊ သန္တာခက် သန္တာညွန့်၊
တွန့်ရွန့် စီရရီ၊ တညီတညွတ်
တသမတ်တည်းထွက်သော လက်ဖက်…' ဟူ၍။

သို့ဖြင့် အောက်မေ့လွမ်းဆွတ်၍ ပေးခဲ့ကြသည့် မေတ္တာစာ၊ ဆွေမျိုးချင်းချင်း ချစ်ခင်ရင်းနှီးလို၍ ပေးခဲ့ကြသည့် မေတ္တာစာ၊ အမွေ တောင်း မေတ္တာစာ၊ ကိုယ်ရေးမေတ္တာစာ၊ အကြောင်းကြားစာ၊ ဖိတ်စာ၊ ပင့်စာ။ ပုဂံခေတ်ကတည်းက ရှိခဲ့ပြီဟု ယူဆရမည့် 'ဖိတ်စာ'။ ထိုအခါမှ ဘဝတွင် အစောဆုံး ရင်းနှီးခွင့်ရခဲ့သည့် 'ဖိတ်စာ'ကို ပြန်စဉ်းစားမိသည်။ ပြန်တွေးတော့ ခပ်ရေးရေးပင်။ ၂၆ ဘီလမ်း၊ ဆိုင်းတန်းရပ်တွင် နေခဲ့ရစဉ် က အဘိုးဖြစ်သူ နေ့စဉ်နားထောင်သော နေရှင်နယ် ရေဒီယိုကြီးအောက်တွင် 'ဖိတ်စာ'တွေ ထိုးထည့်ထားတတ်တာ ပြန်အမှတ်ရမိသည်။ ဖိတ်စာတိုင်းမှာ အဘိုး၊ အဘွားအမည်…ပြီးတော့ ထုံးစံအတိုင်း ဂုဏ်ဒြပ်။ အဘိုးက ရဲမှူး (အငြိမ်းစား)၊ အဘွားက ရေချိုကုန်သည်။ လက်ကသုံးတောင်ဖွေး ဖြစ်သည့် မိမိက အဘိုး၊ အဘွားတို့ ဖိတ်စာရတိုင်း လိုက်ရသည်။

အလှူ ရှင်ပြုနားသ၊ မင်္ဂလာဆောင်၊ ဘုရားကိုးဆူ၊ ကထိန်၊ ဝါဆိုသင်္ကန်းကပ်၊ နောက်ဆုံး နာရေးအထိ။ မန္တလေး အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်။ တစ်ခါတစ်ရံ ကျောက်ဆည်၊ အမရပူရ၊ စစ်ကိုင်းဘက်ထိ သွားခဲ့ရသေးတာ မှတ်မိသည်။ ငယ်ငယ် ကတည်းက သွားလိုက်ရသည့် အလှူတွေ၊ မင်္ဂလာဆောင်တွေ။ ဖိတ်စာ

mgyoe.com

mgyoe.com


လေးတစ်စောင်က အတော်ကို တန်ခိုးထွားတာပဲဟု နောင်မှ ပြန်တွေးမိသည်။

ဖိတ်စာလေးတစ်စောင်ကြောင့် ကိုယ်မရင်းနှီးရသေးသည့်လူများ၊ ကိုယ်မရောက်ဖူးသေးသည့် အရပ်များနှင့် အကျွမ်းဝင်ရသည်။ မြင်ဖူးရသည်။ ကြုံဖူးရသည်။ ကြားဖူးရသည်။ သည်ကြားထဲ အဘွားက နတ်ကိုးကွယ်မှုရှိသဖြင့် နတ်ကန္နားပွဲဖိတ်စာက ရောက်လာတတ်ပြန်သည်။ လက်ကသုံးလေး မိမိက အဘွားထဘီစဆွဲရင်း လိုက်ရသည်ပဲ။ နတ်ပူးတာ၊ နတ်ဝင်တာတွေကိုလည်း မြင်ရ၊ တွေ့ရပြန်သည်။ ကြုံရကြားရပြန်သည်။ အရက်တစ်ဖက်၊ ကြက်တစ်ဖက် မြင်ကွင်းများကလည်း တသီကြီး။ ပိုက်ဆံတွေ သီကုံးထားသော 'ပိုက်ဆံကုံး'တွေ ဆွဲထားသည့် နတ်ကတော်များကိုကြည့်ပြီး ကလေးပီပီ ထိုပိုက်ဆံများကို ဖြုတ်ယူချင်စိတ် ပေါ်ခဲ့ဖူးသည်။ ဒါလည်း 'ဖိတ်စာ'လေးတစ်စောင်ကြောင့်ပဲ မဟုတ်လား။

တစ်ရက် ကျောင်းကအပြန် အိမ်ဝင်ပေါက်နားမှာ အရပ်ထဲမှ လူတစ်ဦးက ဆေးပေါ့လိပ်ကြီးတစ်လိပ် လက်ထဲထည့်ပြီး ခပ်တိုးတိုး ပြောသွားသည်။ "မင်္ဂလာဆောင်က နေရှင်နယ်ဝင်းထဲမှာ မနက်ဖြန်နော်" တဲ့။ ဒါလည်း 'ဖိတ်စာ' တစ်လိပ်ဟု ဆိုရမလား။ တချို့အရပ်တွေမှာ လက်ဖက်ကမ်းတာမျိုးပေါ့။ သူ့အရပ်နှင့်သူ့ဇာတ်။

တစ်ခါတော့ 'နာရေး'ဖိတ်စာ ရောက်လာသည်။ အဘွားက ထိုဖိတ်စာကို အိမ်ထဲမသွင်းဘဲ အိမ်ပေါက်တံခါးနားမှာ ညှပ်ပစ်ခဲ့သည်။ နာရေးက မနက်ဖြန်။ အဘွားက အဘိုးကို အသိပေးပြီး ထိုဖိတ်စာကို ဖျောက်ဖျက်ပစ်လိုက်သည်။ ဖိတ်စာချင်းအတူတူ နာရေးဖိတ်စာကျမှ မျက်နှာငယ်ရရှာသည်။

mgyoe.com